မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာစာပေပညာရှင်ကြီးများ၏ အတွေးအခေါ်၊ အယူအဆ၊ အရေးအသားများ အဆင့်အတန်းမြင့်မား မြန်မာတို့၏ ရသမြောက်စာပေများကို ကမ္ဘာကသိအောင် ဘာသာပြန်ဆိုမှုအပိုင်းတွင် အားနည်းမှုရှိနေ

မြန်မာစာပေများ ကမ္ဘာကသိအောင် ဘာသာပြန်ရေးလုပ်ငန်းကို ကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ရန်ကုန် မေ ၃

မေ ၁ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆဋ္ဌမအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အချိန်အခါ၌ စာပေဆုများကို ပုဂ္ဂလိကအဖွဲ့အစည်းများက အသီးသီးချီးမြှင့်ပေးနေကြရာ နိုင်ငံတော်က ချီးမြှင့်လျက်ရှိသည့် စာပေဆုချီးမြှင့်ပွဲများနှင့်အတူ တစ်ထောင့်တစ်နေရာမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ဆဋ္ဌမအကြိမ်

စွယ်စုံမီဒီယာဂရု(ပ်)က သုတစွယ်စုံစာပေဆုများကို ချီးမြှင့်ခဲ့ရာ ယခု ဆဋ္ဌမအကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း စွယ်စုံမီဒီယာဂရု(ပ်)အနေဖြင့် စာပေဆုများ ချီးမြှင့်နေဦးမည်ဖြစ်ရာ ဤအတွက် ကျေးဇူးတင်ပါကြောင်း။

ထို့ပြင် စာပေဆုများချီးမြှင့်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ချမှတ်ထားသည့် စာပေမူဝါဒများနှင့်အညီ စာပေဆုရွေးချယ်ရေးအဖွဲ့များက ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ဆဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့စာပေပညာရှင်များကို မြန်မာစာပေပညာရှင်ကြီးများ ယှဉ်နိုင်ပါကြောင်း၊ မြန်မာစာပေပညာရှင်ကြီးများ၏ ဦးနှောက်၊ အတွေးအခေါ်၊ အယူအဆ၊ အရေးအသားများသည် အဆင့်အတန်းမြင့်မားပါကြောင်း၊ သို့သော်လည်း မြန်မာတို့၏ ရသမြောက်စာပေများကို ကမ္ဘာကသိအောင် ဘာသာပြန်ဆိုမှုအပိုင်းတွင် အားနည်းမှုရှိနေသည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာစာပေပညာရှင်ကြီးများ၏ စာပေများအား ကမ္ဘာကသိအောင် ဘာသာပြန်ရေးလုပ်ငန်းကို ကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ယင်းသို့ သက်ဆိုင်ရာ ဘာသာပြန်ဆိုထားသည့် စာအုပ်စာစောင်များကို မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရိုက်နှိပ်ဖြန့်ချိရေး ကူညီဆောင်ရွက်ပေးသွားနိုင်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဆက်စပ်၍ပြောကြားရပါက နေပြည်တော်၌ အမျိုးသားစာကြည့်တိုက်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်သည့် အမျိုးသားစာကြည့်တိုက်ကြီးဖြစ်အောင် ပညာရှင်များက ဝိုင်းဝန်းကူညီကြစေလိုကြောင်း၊ ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်ကိုလည်း အလားတူ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန်လည်း မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

တင်ပြ

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက ဆုချီးမြှင့်ရခြင်းအကြောင်းနှင့် ဆုရွေးချယ်မှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်ချက်များကိုလည်းကောင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဆရာကြီး ဦးဝင်းမောင်(မင်းယုဝေ)နှင့် စာပဒေသာ ဘာသာရပ်တွင် "အိုဆာကာဒေ့သည်" စာအုပ်ဖြင့် ဆုရ မောင်ခင်မင်(ဓနုဖြူ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

ပျဉ်းမနား - ပင်လောင်းကားလမ်းပေါ်ရှိ နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - စိုးကြီး

နေပြည်တော်ရေပူစမ်းရှိ ရေပူထွက်သည့်နေရာကို ဤသို့ လှပစွာ တည်ဆောက်ထားသည်။

နေပြည်တော် မေ ၃

နေပြည်တော် ပျဉ်းမနား - ပင်လောင်းကားလမ်းပေါ် တောင်ကျကျေးရွာအနီး၌ နေပြည်တော် ရေပူစမ်းရှိသည်ဟု ကြားသိရသဖြင့် စာရေးသူ သွားရောက်လေ့လာခဲ့သည်။

အပန်းဖြေစခန်း

ထိုရေပူစမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၅၀၈ ပေတွင်ရှိပြီး ဘေးဝဲယာများတွင် မြင့်မားသော တောင်တန်းများနှင့် သဘာဝတောတောင်တို့၏ အလှအပများကို အားရပါးရ ရှုစားနိုင်သည့် အပန်းဖြေစခန်းတစ်ခုဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၃* ◆

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မေ ၄ ရက်)

မိုးလေဝသဆိုင်ရာသတိပေးချက်များ အလေးထားလိုက်နာ

ယခုအချိန်သည် မိုးကြိုကာလမှ မိုးရာသီကာလသို့ ကူးပြောင်းတော့မည့်ကာလဖြစ်သည်။ မိုးဦးကာလ သတ်မှတ်ချက်သည် ၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်သည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မုတ်သုံဝင်ရောက်မှုအခြေအနေ၊ မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်စပ်လျဉ်း၍ ကြိုတင်သတိပေးချက်များနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ထူးခြားသော မိုးလေဝသအခြေအနေများနှင့် ပတ်သက်၍လည်း ကြိုတင်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိသည်။

မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မေလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ အသီးသီးဝင်ရောက်ဖွယ်ရှိသည်။

မေလသည် မိုးကြိုကာလမှ မိုးရာသီကာလသို့ ကူးပြောင်းတော့မည့်လဖြစ်၍ ယင်းကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအထိ အနောက်တောင်မုတ်သုံလေ ဝင်ရောက်တော့မည် ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းများသည် မြန်မာနိုင်ငံဘက်ဆီသို့ ဝင်ရောက်တတ်သည့်အတွက် အထူးသတိထားရမည့်လဖြစ်သည်။

အထူးသဖြင့် အနောက်တောင်မုတ်သုံလေ ဝင်ရောက်တော့မည့်အချိန်ကာလဖြစ်သဖြင့် နေ့စဉ်မိုးတိမ်တောင်ကြီးများ ဖြစ်ပေါ်တတ်ပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းနှင့် ခေတ္တမျှလေပြင်းများတိုက်ခတ်ခြင်းတို့ နေ့စဉ်လိုပင် ဖြစ်ပေါ်တတ်သည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် မိုးထစ်ချုန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ လျော့နည်းသွားလေ့ရှိသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာမိုးလေဝသဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိရာ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု၊ ထူးခြားမိုးလေဝသသတင်းများ၊ မုန်တိုင်းသတင်း၊ မုန်တိုင်းသတိပေးချက်၊ ဒီရေတက်မည့်သတိပေးချက်၊ အချိန်အခါမဟုတ် မိုးရွာသွန်းမည့် သတိပေးချက်များကို ပြည်သူများ အလေးထားလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)ရန်ကင်းပညာရေးကောလိပ် ဒသမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီက ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီး ဦးမြကျော်က ပူဇော်ပွဲကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်စကားပြောကြားပြီး ဆရာကြီး ဦးတင်ဖေ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးမဲအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် ဒေါ်ခင်သန်းနွယ်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)တို့က ဩဝါဒစကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တာမွေမြို့နယ် က+ခရပ်ကွက် ၁၆၄ လမ်းနေ ဒေါ်လှလှက (၇၅)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံ ပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာယဉ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပေးအပ်

ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးနု (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)က ပူဇော်ကန်တော့ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အလှူရှင်များအား ဦးအေးလွင် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၃)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. H. S.B Tenna-koon **(အပေါ်ပုံ)**သည် မေ ၂ရက် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Hideo MIYAMOTO သည် နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ ထိုသို့ တွေ့ဆုံရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့တို့က လက်ရှိကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပိုမိုပံ့ပိုးကူညီကြရန်နှင့် မိခင်နှင့် ကလေးကျန်းမာရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကူးတို့စက်လှေများ ကြံ့ခိုင်မှုနှင့် အသက်ကယ်ဝတ်စုံများ၊ အသက်ကယ်ပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှုကို မေ ၂ ရက်က အမှုဆောင်အရာရှိ ဦးနေဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (မေ/၂၀၁၁)ကို မေ ၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအေးလွင်က ခေတ်မီစက်မှုနိုင်ငံတော်တည်ဆောက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျွန်တော့်အမြင်ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များအား ဖိတ်ကြားထားကြောင်းနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

တက်ရောက် ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ Top Royal အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မေ ၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးနှင့် ပါရမီလမ်းထောင့်ရှိ စိန်ဂေဟာပါရမီစင်တာ ဥပစာရှေ့၌ ကျင်းပသော Top Royal အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ဝင်းဇော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် စိန်ဂေဟာပါရမီစင်တာ စတုတ္ထထပ်ရှိ Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ၌ ရုပ်ရှင်ပြသနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရုပ်ရှင်ရုံ၌ ထိုင်ခုံပေါင်း ၃၃၃ ခုံ ပါရှိကာ မြန်မာရုပ်ရှင်ကားများနှင့် နိုင်ငံခြားရုပ်ရှင်ကားများကို နေ့စဉ်ပွဲချိန် ငါးကြိမ် ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အင်းလေးကန်ရေရှည်တည်တံ့ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၃

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၂ရက်နံနက်ပိုင်းတွင် ညောင်ရွှေမြို့ အင်းလေးကန် ဖောင်တော်ပြန်ခန်းမ၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အင်းလေးကန်သည် ဘိုးဘေးဘီဘင်လက်ထက်က တည်ရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ် အမွေအနှစ်ဖြစ်သဖြင့် တိမ်ကောပပျောက်ပျက်စီးမှု မရှိစေရေး၊ သားစဉ်မြေးဆက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် နိုင်ငံတော်က အလေးထားဦးစားပေး ဆောင်ရွက်နေပြီး သက်ဆိုင်ရာဌာန အသီးသီးကလည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဆာလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုနှင့် အင်းလေးကန်၏ ရေဝေရေလဲတောင်ကြောများရှိ သဘာဝတော အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၉)ထွက်ပြီ

နေပြည်တော် မေ ၃

တန်ခူးလ မိဿရာသီအခါသမယတွင် ကံ့ကော်၊ ရင်ခတ်၊ ပိတောက်ပန်းရနံ့တို့နှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ် (၉)ကို မေ ၁ ရက်က ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးသီးနှံ ပေါင်းအန္တရာယ် ဘက်စုံနည်းဖြင့် ကာကွယ်၊ ပန်းတိုင်အထွက်နှုန်းရရှိစေမည့် နေကြာစိုက်ပျိုးနည်း၊ ဝင်ငွေတိုးစေဖို့ နဂါးမောက်သီးပင်စိုက်ကြစို့၊ စိုက်ပျိုးမွေးမြူရေးမှသည် ကျေးလက်ဖွံ့ဖြိုးရေးဆီသို့၊ ခရမ်းချဉ်နှင့် ငရုတ်စိုက်ခင်းအတွက် လိုအပ်သည့် အာဟာရမြေသြဇာစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ မထိုးတစ်ကျပ် ထိုးတစ်ကျပ်၊ သိုးဆိတ်များ ခြေကျိုးလက်ကျိုးပါက စသည့် မွေးမြူရေးဆောင်းပါးများ၊ ပိုးသတ်ဆေးကြွင်းများ၏ ဆိုးကျိုးများနှင့် ကာကွယ်ရန် နည်းလမ်းများ၊ အစားအစာနှင့် အာဟာရ၊ ဆီးလွန်ခြင်းအတွက် ဆေးတစ်လက်စသည့် ကျန်းမာရေးဆောင်းပါးများ၊ ရာသီပြိုသကဆုန်လ သွန်းကြည်ရေပွဲ၊ ချင်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပွဲတော်များ စသည့်အသိပညာပေး သုတ/ရသဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ နိုင်ငံဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီဆောင်းပါး၊ တရုတ်စပါးမျိုးစပ်နည်းပညာက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအပေါ် များစွာအကျိုးသက်ရောက်မှုရှိ၊ အွန်လိုင်းမှသတင်းအချက်အလက်ဖတ်ရှုသူများပြား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားတပ်မတော်သစ်ပြုပြင်ဖွဲ့စည်းမည် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်ရဲ့ အားပေးမှုကို မျှော်လင့်ပါတယ်ဆိုတဲ့ မော်ဒယ်လ်သရုပ်ဆောင် ချမ်းမီမီကိုနှင့် တွေ့ဆုံခြင်း စသည့်အနုပညာသတင်းများ၊ အေးမြသောလေပြည် မွှေးပျံ့သောရနံ့နှင့် တောက်ပသော အနာဂတ်များ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅	၃။	တရားတော်
၇:၁၅	၄။	ဓမ္မပူဇာတေး
၇:၂၀	၅။	မျိုးချစ်တပ်မတော်
၇:၂၅	၆။	မြန်မာ့ရှုခင်း
၇:၃၀	၇။	မြန်မာသံစဉ် ချိုနှာဝင်
၇:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀	၃။	နိုင်ငံတော်သီချင်း
၄:၁၅	၄။	အဖွင့်သီချင်း
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၃၅	၆။	လှုပ်တစ်ပြက်
၄:၄၀	၇။	အမျိုးသားရေးတေးကဗျာ
၄:၄၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀	၉။	ရှေးဟောင်းသုတ
၅:၀၀	၁၀။	အားလုံးရဲ့တာဝန်
၅:၂၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၆၁)
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၅။	Mail Box
၆:၃၅	၁၆။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၁၈)
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၁၈)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **ပေးဆပ်ခြင်းများစွာ** (အပိုင်း-၁)
	၂၄။	လှုပ်တစ်ပြက်
	၂၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၉)
	၂၇။	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ကောလင်း၌ ခရိုင်ချင်းဆက်လမ်းပြုပြင်

ကောလင်း မေ ၃

အမှတ်(၃)ခရိုင်ချင်းဆက်လမ်းတွင် ကောလင်းမြို့နယ်မှ တာဝန်ယူဆောင်ရွက်သော ဗောင်းတော်ကျမှ ခရမ်းစပ်ကုန်းရွာအထိ ၂၁ မိုင် ၁ ဖာလုံ လမ်းပိုင်းအား စက်ယန္တရားကြီးများဖြင့် မြေသားလမ်းပြုပြင်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မျိုးဦးတို့ မတ် ၉ ရက်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ မီးသတ်ဦးစီးဌာန။

နိုင်ငံတကာသတင်းများ

နေတိုးလောင်စာဆီတင်ယာဉ်များ ပါကစ္စတန်၌ တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မေ ၃

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအတွက် လောင်စာဆီများ သယ်ဆောင်လာသည့် ယာဉ်များကို အက်တော့ဒေသအနီး လမ်းဘေးစားသောက်ဆိုင်များရှေ့၌ လက်နက်ကိုင်များက တိုက်ခိုက်သဖြင့် လေးဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရသွားသည်။ **(ယာပုံ)**

အစ္စလမ္မာဘတ်မြို့မှ ကီလိုမီတာ ၆၀ အကွာ အက်တော့ရှိ လမ်းဘေးစားသောက်ဆိုင်ရှေ့မှ လောင်စာဆီတင်ယာဉ်များကို မေ ၁ ရက်က လက်နက်ကိုင်များ တိုက်ခိုက်ပြီးနောက် ထွက်ပြေးစဉ် ရဲကင်းစခန်းကို လက်နက်ကိုင်များက ဆက်လက်ပစ်ခတ်တိုက်ခိုက်သဖြင့် ရဲအုပ်တစ်ဦးနှင့် ရဲတပ်သားသုံးဦး သေဆုံးသွားသည်။

မည်သည့်အဖွဲ့အစည်းကမျှ သူတို့လက်ချက်ဖြစ်ကြောင်း မကြေညာသော်လည်း အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ များအတွက်ပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းတင်ယာဉ်များကို တာလီဘန်လိုလားသည့် အကြမ်းဖက်သမားများက အကြိမ်ကြိမ် တိုက်ခိုက်ဖျက်ဆီးလေ့ရှိကြောင်း အာဖဂန်ရဲအရာရှိတစ်ဦးက ပြောကြားသည်။**(အင်တာနက်)**

ရုရှား အရှေ့ဖျားရှိ ရှီဗီလုချ်မီးတောင် ကီလိုမီတာ ၆၀၀၀ အမြင့်ထိ မီးခိုးပြာများ မှုတ်ထုတ်

ဗလာဒီဗော့စတော့ မေ ၃

ရုရှားနိုင်ငံ အရှေ့ဖျားရှိ ကန်ချတ်ကာကျွန်းဆွယ်ရှိ ရှီဗီလုချ် မီးတောင်ကြီးသည် မေ ၃ ရက်က မီးခိုးပြာများ ပင်လယ်ရေမျက်နှာပြင် အထက် မီတာ ၆၀၀၀ အထိ မှုတ်ထုတ်နေကြောင်း ဒေသဆိုင်ရာမီဒီယာက မေ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မီးတောင်ကြီးသည် ထိုနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲအချိန်က မီးခိုးပြာများ ပြင်းထန်စွာ ထုတ်လွှတ်ခဲ့ကြောင်း အာအိုင်အေနိုဗိုစတီ သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ပြာမှုန် မှုတ်ထုတ်

ထိုအတောအတွင်း အဆိုပါကျွန်းဆွယ်ရှိ အခြားမီးတောင်တစ်လုံး ဖြစ်သည့် ကီဇီမန်းမီးတောင်မှလည်း ပြာမှုန်များ မီတာ ၇၀၀၀ အထိ မှုတ်ထုတ်နေကြောင်း သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မက္ကဆီကိုမြောက်ပိုင်းတွင် လူကိုးဦးသေဆုံးလျက်တွေ့ရှိ

မက္ကဆီကိုစီးတီး မေ ၃

မက္ကဆီကို ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏မြောက်ပိုင်းတစ်နေရာတွင် သေဆုံးနေသော လူကိုးဦးအား တွေ့ရှိခဲ့ကြောင်း၊ ယင်းတို့ကို နိုင်ငံမြောက်ပိုင်းရှိ ဒါရန်ဂိုပြည်နယ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၁ ရက်တွင် ပြောကြားသည်။

တွေ့ရှိခဲ့

ဒါရန်ဂိုပြည်နယ် လော့စ်ဟာရီရာဒေသတွင် ထိုအလောင်းများကို ဧပြီ ၂၉ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဒါရန်ဂိုအစိုးရရှေ့နေရုံး၏ထုတ်ပြန်ချက်အရ သိရှိရသည်။

ဒါရန်ဂိုပြည်နယ်တွင် ယခုအလောင်းများတွေ့ရှိမှုသည် တတိယအကြိမ်ဖြစ်သည်။ ပြည်နယ်၏မြို့တော် ဒါရန်ဂိုမြို့တွင်လည်း မကြာသေးမီက ယင်းသို့သော သင်္ချိုင်းနှစ်ခုကိုတွေ့ခဲ့ပြီး လူသေအလောင်း ၁၀၄ လောင်းကို တူးဖော်ခဲ့ရသည်။

ပြောကြား

မက္ကဆီကိုတွင် ၂၀၀၆ခုနှစ် နိုဝင်ဘာလက သမ္မတဖိလစ်ကယ်ဒါရွန်၏ တပ်ဖွဲ့များ မူခင်းတိုက်ဖျက်မှုစစ်ဆင်ရေးများ ဆင်နွှဲချိန်မှစပြီး ယခုအထိ သေဆုံးသူ ပြည်သူဦးရေမှာ နိုင်ငံတစ်ဝန်း ၃၆၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း ဒေသတွင်း သတင်းဌာနက ပြောကြားသည်။ **(အင်တာနက်)**

နီပေါနိုင်ငံအတွင်း ဦးချိုတစ်ချောင်းရှိ ကြံ့ကောင်ရေများ တိုးပွားလာ

ခတ္တမန္ဒူ မေ ၃

နီပေါနိုင်ငံအတွင်း ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ဦးချိုတစ်ချောင်းရှိကြံ့များအား **(ဝဲပုံ)** ကာကွယ်စောင့်ရှောက်နိုင်မှုကြောင့် ကောင်ရေ ၅၀၀ ကျော်အထိရှိလာကြောင်း နီပေါအစိုးရက မေ ၂ ရက်၌ ပြောကြားသည်။

တိုးလာခဲ့

လွန်ခဲ့သည့်လက နီပေါနိုင်ငံတောင်ပိုင်း သစ်တောကြီးများအတွင်း တိရစ္ဆာန်ကျွမ်းကျင်သူများက သုတေသနပြုလေ့လာခဲ့ရာ ကြံ့ကောင်ရေ ၅၃၄ ကောင်ရှိကြောင်း၊ ယင်းမှာ ၂၀၀၈ခုနှစ်ကထက် ကောင်ရေ ၉၀ ကျော်တိုးလာခဲ့ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

နီပေါနိုင်ငံတွင် ၁၉၉၆ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း ပြည်တွင်းစစ်ဖြစ်ပွားခဲ့စဉ် အမဲလိုက်သတ်ဖြတ်မှုများကြောင့် ကြံ့ကောင်ရေလျော့နည်းခဲ့ရကြောင်း တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

အမဲလိုက်

အထူးသဖြင့် ဦးချိုတစ်ချောင်းရှိ နီပေါကြံ့တစ်ကောင်လျှင် နိုင်ငံတကာဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထက် ရှိနေ၍ အမဲလိုက်သတ်ဖြတ်မှုများ တိုးပွားလာခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ဗီယက်နမ်အလယ်ပိုင်း၌ ရွှေတွင်းပြိုကျ၊ ငါးဦးသေဆုံး

ဟန္နိုင်း မေ ၃

ဗီယက်နမ်အလယ်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေတွင်းတစ်တွင်း မေ ၂ ရက်က ပြိုကျခဲ့ရာ ရွှေတွင်းလုပ်သားငါးဦးသေဆုံးခဲ့ကြောင်း ဗီယက်နမ်အရာရှိများက မေ ၃ ရက်၌ ပြောကြားသည်။

တူးဖော်

ပြိုကျခဲ့သော ရွှေတွင်းထဲမှ အလုပ်သမားငါးဦး၏ရုပ်အလောင်းများကို တူးဖော်ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ၎င်းအလုပ်သမားများမှာ အသက် ၃၅ နှစ်အောက်အရွယ်များဖြစ်ကြောင်း၊ အဆိုပါရွှေတွင်းမှာ နဟီအန်ပြည်နယ်အတွင်းရှိ ရွှေတွင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(ယာပုံ)**



ဗီယက်နမ်နိုင်ငံပြည်နယ်အချို့တွင် ပြီးခဲ့သည့်လကလည်း မြေပြိုမှုကြောင့် ဒေသခံ ၁၈ ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

တရုတ်မြောက်ပိုင်းတွင် လူ ၂၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

တန်ယန်း မေ ၃

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ စားသောက်ဆိုင် တစ်ဆိုင်မှ အစာအဆိပ်သင့်ပြီး လူ ၂၀၀ကျော် နာမကျန်းဖြစ်ခဲ့ကြောင်း ဒေသကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဒါတန်မြို့ရှိ စားသောက်ဆိုင်တွင် မေ ၂ ရက်က လာရောက်စားသောက်ခဲ့သူများမှာ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ခေါင်းမူးဝေခြင်းများ ခံစားခဲ့ရသည်။ ထို လူ ၂၀၀ ကျော်ထဲမှ လေးဦး၏ အခြေအနေသည် စိုးရိမ်ဖွယ်ရှိကြောင်း သိရသည်။

အစာအဆိပ်သင့်ခဲ့သူများမှ တချို့ကို မြို့တွင်းရှိဆေးရုံလေးရုံသို့ ပို့၍ ဆေးကုသမှုခံယူစေခဲ့သည်။ စားပွဲ ၇၀ ဆံ့ ထိုစားသောက်ဆိုင်တွင် မေ ၂ ရက် တစ်နေ့တည်း၌ ကျင်းပခဲ့သည့် မင်္ဂလာဆောင်နှစ်ပွဲနှင့် မွေးနေ့ပွဲတစ်ပွဲသို့ တက်ရောက်စားသောက်သူများ ယင်းသို့ အစာအဆိပ်သင့်ခဲ့ခြင်းဖြစ်ပြီး ဖြစ်ပွားရသည့်အကြောင်းအရင်းကို စုံစမ်းလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

❖❖ မိုးမြင့်လင်းလက် ➢ စုစည်းသည် ❖❖

ကွန်ဂိုနိုင်ငံ၌ ကူးတို့ယာဉ်နစ်မြုပ်၊ ၁၀၆ ဦး ပျောက်ဆုံး

ကင်ရှာဆာ မေ ၃

ကွန်ဂိုဒီမိုကရက်တစ်သမ္မနိုင်ငံ ကာဆိုင်းအောက်ဆီဒန်တယ်ပြည်နယ်တွင် မေ ၂ ရက်က ကူးတို့ယာဉ်တစ်စင်းနစ်မြုပ်ရာ ခရီးသည်၁၀၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကွန်ဂိုအရာရှိများ က မေ ၃ ရက်၌ ပြောကြားသည်။

တင်ဆောင်

ကာဆိုင်းအောက်ဆီဒန်တယ်ပြည်နယ်ရှိ ကာဆိုင်းမြစ်အတွင်း ၎င်းကူးတို့ ယာဉ်ခုတ်မောင်းစဉ် လူအဆမတန်တင်ဆောင်ခဲ့၍ ယင်းကဲ့သို့ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နစ်မြုပ်ခဲ့

ကူးတို့ယာဉ် နစ်မြုပ်သည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ ပျောက်ဆုံးသူများအား ရှာဖွေလျက်ရှိသည်။ ၎င်းမြစ်အတွင်း ပြီးခဲ့သည့်နှစ်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ခရီးသည် ၂၀၀ခန့် သေဆုံးခဲ့ရသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt.General, Syafrie Syamsoeddin ခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

✳ ကျောဖုံးမှ

အာကာသတက္ကစီ တည်ဆောက်ပြီးစီးပါက ထိုင်ခုံလက်မှတ်များ ရောင်းချရန် နာဆာနှင့်အာကာသသို့ ဧည့်သည်များ ပို့ဆောင်ပေးရေး စိတ်ဝင်စားသည့် နိုင်ငံတကာမှ ခရီးသွား အေဂျင်စီများသို့လည်း အကြောင်းကြားမည် ဖြစ်သည်။ သို့သော် နောက်ပိုင်း၌ နာဆာအနေဖြင့် အကျိုးအမြတ်ရရှိမှုများအပေါ် ရန်ပုံငွေသတ်မှတ်ရေးနှင့် ပတ်သက်ပြီး ပြဿနာများရှိလာနိုင်မည်ကိုလည်း အဆိုပါကုမ္ပဏီများက တွေးဆလျက်ရှိသည်။

လိုအပ်

မည်သို့ပင်ဖြစ်စေ အာကာသတက္ကစီဖြင့် လူသားတို့ အာကာသသို့ ယခုမှ သုံးနှစ်အတွင်း သွားရောက်နိုင်ကြမည်ဟု ယုံကြည်နေကြောင်း အာကာသ ယာဉ်မှူးဟောင်းနှင့် စပေ့အိတ်စ်ကုမ္ပဏီမှ အကြီးတန်း အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဂါရက်ရေးစ်မင်းကပြောကြားသည်။ ထိုသို့ သတ်မှတ်ကာလအတွင်း အာကာသတက္ကစီဖြင့် လူသားတို့ သွားရောက်နိုင်ရေးမှာ နာဆာ၏ ပံ့ပိုးကူညီမှုများ လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာကာသတက္ကစီဒီဇိုင်းကို ဤသို့ ထုတ်လုပ်သွားရန်လည်း စီစဉ်လျက်ရှိသည်။

တုံ့ဆိုင်း

ကုမ္ပဏီသုံးခုကမူ ၂၀၁၄ ခုနှစ် သို့မဟုတ် ၂၀၁၅ခုနှစ်၌ လူသားများကို အာကာသတက္ကစီဖြင့် အာကာသလေ့လာရေးအပန်းဖြေခရီး ပို့ဆောင်ပေးနိုင်မည်ဟု အတည်ပြုပြောကြားလျက်ရှိသည်။ သို့သော်လည်း ဘလူးအော်ရီဂျင်ကုမ္ပဏီကမူ ထိုသို့ အချိန်အတိအကျ သတ်မှတ်ပြောကြားမှုကို တုံ့ဆိုင်းလျက်ရှိနေပြီး အချိန်ယူရမည်ဟု ဆိုနေသည်။

ဆန္ဒရှိ

ဘိုးရင်းကုမ္ပဏီက လူ ခုနစ်ဦး လိုက်ပါစီးနင်းနိုင်သည့် စီအက်စ်တီ-၁၀၀ ဟု အမည်ပေးထားသည့် အာကာသ တက္ကစီဒီဇိုင်းကို ထုတ်လုပ်ရန် ဆန္ဒရှိနေသည်။ ဘလူးအော်ရီဂျင်ကုမ္ပဏီက ကတော့ချွန်ပုံသဏ္ဌာန် အာကာသတက္ကစီပြုလုပ်ပြီး တစ်ကြိမ်လျှင် လူသားခုနစ်ဦးကို အာကာသသို့ ပို့ဆောင်ပေးရန် ဆန္ဒရှိနေသည်။

ပံ့ပိုး

အာကာသတက္ကစီ စီမံကိန်း အောင်မြင်ရန်အတွက် စပေ့အိတ်စ်၊ ဘလူးအော်ရီဂျင်၊ ဘိုးရင်းနှင့် ဆီရီရာနေဗာဒါကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်ရာတွင် ဒီဇိုင်းပုံစံများကို စုပေါင်းထုတ်လုပ်မည်ဖြစ်သည်။ နာဆာအဖွဲ့က နည်းပညာပိုင်း ပံ့ပိုးကူညီမည်ဖြစ်သည်။

အာကာသ တက္ကစီပျံသန်းမှုတွင် ကမ္ဘာပတ်လမ်းကြောင်းအပြင် ကမ္ဘာဂြိုဟ်နှင့် အနီးကပ်ဆုံး ဂြိုဟ်တာရာများသို့လည်း ပျံသန်းကာ လေ့လာရေးခရီးစဉ်များ ပြေးဆွဲပျံသန်းပေးသွားမည်ဖြစ်သည်။

သတ်မှတ်ပေး

အာကာသခရီးသွားများအနေဖြင့် ကမ္ဘာဂြိုဟ်၏ အပြင်ဘက်ရှုမြင်ကွင်းများကို ကြည့်ရှုမြင်တွေ့ရပြီး ခံစားမှုအသစ်ရရှိစေမည်ဖြစ်ကြောင်း၊ သင့်လျော်သော စရိတ်ငွေကြေးကို သတ်မှတ်ပေးမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီများက ပြောကြားသည်။

အာကာသတက္ကစီခရီးစဉ်ပျံသန်းမှု၊ ထိုင်ခုံများရောင်းချမှု၊ ခရီးစဉ်အတွက် အခကြေးငွေ သတ်မှတ်မှုနှင့်ပတ်သက်ပြီး အသေးစိတ် အစီအစဉ်များကို သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

ပေးပို့

ကမ္ဘာ့နိုင်ငံများတွင် အာကာသခရီးသွားလုပ်ငန်းအား စိတ်ဝင်စားသည့် ခရီးသွားအေဂျင်စီများ၊ ခရီးသွား ဧည့်သည်များကို သတင်းအချက်အလက်များ တိုက်ရိုက်ပေးပို့သွားမည် ဖြစ်သည်။

အနာဂတ်ကာလ၌ အာကာသတက္ကစီများကို ဒီဇိုင်းပုံစံမျိုးစုံ ပြုလုပ်၍ ထုတ်လုပ်သွားရန်ရှိနေရာ လောလောဆယ်၌ အများဆုံးခရီးသည် ခုနစ်ဦး တင်ဆောင်နိုင်သည့် ယာဉ်များသာ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ ထိုအာကာသတက္ကစီများတွင် ခရီးသည်များသက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရန်နှင့် အစားအစာများ စားသုံးနိုင်ရန် အတွက်ပါ ဒီဇိုင်းထုတ်လုပ်မည်ဖြစ်သည်။

စီစဉ်မည်

အနာဂတ်ကာလတွင် အာကာသခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ရာ စပေ့အိတ်စ်ကုမ္ပဏီက သီးခြားအစီအစဉ်ဖြင့်လည်း အာကာသခရီးသွားယာဉ်များကို တည်ဆောက်သွားရန် စီစဉ်မည်ဖြစ်သည်။ ထိုကဲ့သို့ အာကာသခရီးသွားလုပ်ငန်းများ အပြိုင်အဆိုင် ပေါ်ပေါက်လာလျှင် ငွေကုန်ကျမှု သက်သာစွာဖြင့် အာကာသသို့ ခရီးသွားနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် မကြာမီကာလအတွင်း အာကာသတက္ကစီဖြင့် လူသားတို့ အာကာသသို့ အပန်းဖြေခရီး သွားရောက် လည်ပတ်နိုင်ကြတော့မည်ဖြစ်ပါကြောင်း....။ **(အင်တာနက်)**

မေ ၃ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၂၅ ဒသမ ၁၂
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၇၀
၃။	ရွှေ	တစ်အောင်စ	၁၅၄၆ ဒသမ ၃၈
၄။	ငွေ	တစ်အောင်စ	၄၄ ဒသမ ၈၈
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၁၈
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

မေ ၃ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၇၇၀၀၀
ရွှေ	၁၅ပဲရည်	ကျပ် ၆၃၆၀၀၀
ရွှေ	၁၄ပဲရည်	ကျပ် ၅၉၆၀၀၀

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် စုစည်းရေးသားသည်

အိန္ဒိယတွင် မြန်နှုန်းမြင့်စူပါကွန်ပျူတာ တည်ဆောက်ပြီးစီး

နယူးဒေလီ မေ ၃

အိန္ဒိယတွင်မြန်နှုန်းမြင့်စွာလည်ပတ်ပြီး စွမ်းဆောင်ရည် တစ်စက္ကန့်လျှင် သတင်းအချက်အလက်ပေါင်း ထရီလီယံ ၂၂၀ ခန့် ထုတ်ဖော်ပေးနိုင်သော ဆာဂါ-၂၂၀ အမည်ရှိ စူပါကွန်ပျူတာ(အောက်ပုံ) တည်ဆောက်ပြီးဖြစ်ကြောင်း အိန္ဒိယ အာကာသသုတေသနအဖွဲ့ (ISRO) ၏ ကြေညာချက်ကို ဒေသတွင်းသတင်းဌာနက မေ ၃ရက်၌ သတင်းဖော်ပြသည်။

အာကာသယာဉ်၊ ဒုံးပျံစသည့် ယာဉ်များတည်ဆောက်ရာတွင် ကြုံတွေ့မည့်ပြဿနာများကို ယခုစူပါကွန်ပျူတာသုံးပြီး အာကာသသိပ္ပံပညာရှင်များ ဖြေရှင်းနိုင်ရန်အတွက်ဖြစ်ကြောင်း ISRO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ် ကာရဲလ်ရာ၏မြို့တော် သီဂုဂျန်နာတာပူရမ်မြို့ရှိ ဂျချ်ရမ်ဆာဟာဟိုင် အာကာသစခန်းတွင် ၎င်းစူပါကွန်ပျူတာကို ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းစူပါကွန်ပျူတာတည်ဆောက်ရာတွင် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သုံးသန်း (ရူပီး သန်း ၁၄၀) သုံးစွဲခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။ (အင်တာနက်)

နယူးဇီလန်မြောက်ပိုင်းတွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်

အော့ကလန် မေ ၃

နယူးဇီလန်မြောက်ပိုင်း အော့ကလန်မြို့တွင် မေ ၃ ရက်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ သေဆုံးသူနှစ်ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူများပြားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ရွေ့လျား

အဲလ်ဘာနန်ဒေသသို့ ဒေသစံတော်ချိန် မေ ၃ရက် ညနေ ၃နာရီခန့်တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ပြီး တောင်ဘက်သို့ဦးတည်ကာ ဆက်လက်ရွေ့လျားသွားခဲ့သည်။ သစ်ပင်များပြိုလဲခဲ့ပြီး နေအိမ်ခေါင်မိုးများ ပြုတ်ထွက်ကုန်၍ ကားများလည်း တိမ်းမှောက်သွားခဲ့သည်။

လေဆင်နှာမောင်းကြောင့် အော့ကလန်မြို့ အဲလ်ဘာနေအရပ်နှင့် ဘက်စ်ကင်ဟာဒ်အရပ်များတွင် ပျက်စီးဆုံးရှုံးမှုများကြောင်း ရဲဌာနနှင့်အရေးပေါ် ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

သတင်းဖော်ပြ

လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ အထိရှိကြောင်း မိုးလေဝသစောင့်ကြပ်ရေးဝက်ဆိုက်ဘ်တွင် သတင်းဖော်ပြထားသည်။ *(အင်တာနက်)*

အင်ဒိုနီးရှားတွင် မော်တော်တိမ်းမှောက် ၂၉ ဦး ပျောက်ဆုံး

ဂျကာတာ မေ ၃

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဘိုဂျိုနီဂိုရိုဒေသ ဘန်ဂါဝန်မြစ်အတွင်း၌ မေ ၂ ရက်က လူ ၄၀ လိုက်ပါလာသည့် မော်တော်တစ်စင်း တိမ်းမှောက်ခဲ့သည်။ ၁၁ဦးကိုသာ ကယ်တင်နိုင်ပြီး ၂၉ဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှား ရုပ်မြင်သံကြားသတင်း၌ ဖော်ပြသည်။

ယင်းနေ့နံနက် ဒေသစံတော်ချိန် ၆နာရီခွဲခန့်က ၎င်းကူးတို့မော်တော် မြစ်ကိုဖြတ်ချိန်၌ မြစ်အတွင်း မျောလာသော သစ်တုံးများနှင့်တိုက်မိပြီး ညာဘက်သို့စောင်း၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း မတ်တရိုတီဗွီတွင် သတင်းဖော်ပြသည်။ ဆယ်ယူနိုင်ခဲ့သူ ၁၁ ဦးအား အနီးဆုံးဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ကြောင်း၊ မြစ်ရေမှာနောက်ကျိနေ၍ ကယ်ဆယ်ရန် ခက်ခဲကြောင်း ယင်းသတင်းဌာနက ဆက်လက်ဖော်ပြသည်။

တိမ်းမှောက်သည့်မော်တော်ကို ကမ်းစပ်သို့ဆွဲယူထားကြောင်း၊ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ (အင်တာနက်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း ၁၃၁ ခန်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့

နေပြည်တော် မေ ၃

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများတွင် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သော မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ ဆောင်ရွက်ချက်များသည် နိုင်ငံအတွက် စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာတွင်ပါ ကျန်းမာသန်စွမ်းသည့် မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် အရေးပါသော အထောက်အပံ့ကောင်းများ ဖြစ်ကြောင်းဖြင့် မေ ၂ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ သဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က ပြောကြားသည်။ **(အောက်ပုံ)**

ဝင့်ဝင့်ထည်ထည်ရပ်တည်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်တစ်ဝန်းလုံး စည်းရုံးလှုပ်ရှားနိုင်သောစွမ်းအား ကြီးမားထက်မြက်သည့် အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နေပြီဖြစ်သည်။ အသင်း၏ အနှစ် ၂၀ တာ ကာလအတွင်း အသင်းခွဲပေါင်း ၂၁၈၅ သင်း ဖွဲ့စည်းထားနိုင်ခဲ့ပြီး ရာသက်ပန်အသင်းသား ၄ ဒသမ ၆ သန်းကျော်၊ သာမန်အသင်းသား ၈ ဒသမ ၃ သန်းကျော် အသင်းဝင်စုစုပေါင်း ၁၃ သန်းခန့်အထိ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေပြီဖြစ်သည်။

၂၀၁၀ ခုနှစ်အတွင်း အသင်းပိုင်သားဖွားခန်း ခြောက်ခန်းနှင့် ရမည်းသင်း မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ယနေ့အထိ အသင်းပိုင်သားဖွားခန်း ၁၃၁ ခန်းနှင့် မိခင်နှင့်ရင်သွေးကျန်းမာရေး ရိပ်မြုံ ၁၁ ခုတို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ မိသားစုအားလုံး သိရှိထားရန်လိုအပ်

နေပြည်တော် မေ ၃

လွန်ခဲ့သည့် ၂၀ နှစ်ကာလကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (၄)နှင့်(၅)၏ အခြေခံဖြစ်သည့် မိခင်နှင့်ကလေးကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုအားလုံးအတွက် ကျန်းမာရေးကဏ္ဍတွင် မရှိမဖြစ် သိရှိထားရန်လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ အနယ်နယ်အရပ်ရပ်တွင်ရှိကြသော အသင်းဝင်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ အကျိုးရှိသော ရလဒ်များရရှိနိုင်ခဲ့ကြောင်းဖြင့် မေ ၂ ရက် နံနက် ၉ နာရီက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် (၁၉) နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

ပဲခူး မေ ၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသား အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက တောင်ငူခရိုင် အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဦးက တက်ရောက် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ပြိုင်ပွဲတွင် တောင်ငူခရိုင်အသင်း၊ ပဲခူးခရိုင်အသင်း၊ သာယာဝတီခရိုင်အသင်း၊ ပြည်ခရိုင်အသင်း စုစုပေါင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကျင်းပမည်

ဖွင့်ပွဲအခမ်းအနားအပြီး ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရာ တောင်ငူခရိုင်အသင်းက ပဲခူးခရိုင်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါ ပြိုင်ပွဲများကို ၂၀၁၁ ခုနှစ် ဧပြီ ၃၀ ရက်မှ မေ ၇ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် အား/ကာ)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

တောင်ကြီး မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကိုတောင်ကြီးမြို့ မဟာယနသင်တန်းကျောင်းခန်းမတွင် ဧပြီ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနား၌ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး တင်စိုးရှိန်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်လေ့ရှိသော ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး (၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးသူများအပါအဝင် လမ်းအသုံးပြုသူများလိုက်နာရမည့် အချက်အလက်များကို ပရိုဂျက်တာဖြင့် လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ပြည်နယ်ကညန)

တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအားဂုဏ်ပြုပွဲကို မေ ၁ရက်က ဟောမဝန်မင်္ဂလာခန်းမ၌ ကျင်းပရာ ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းလေးက ကော်မရှင်တွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်စဉ်။ (၀၂၃)

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ စိုက်ပျိုးထားရှိမှုကို ဧပြီ ၂၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း မှုခင်းသတင်း

ကားနှင့်စက်ဘီး တောင်တွင်းကြီး၌တိုက်မိ

တောင်တွင်းကြီး မေ ၃

မေ ၂ ရက် မွန်းလွဲ ၂နာရီခွဲခန့်က တောင်တွင်းကြီး-မကွေး ကားလမ်းမကြီး တောင်တွင်းကြီးမြို့အဝင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးအနီးတွင် လိုက်ထရပ်ကားနှင့် စက်ဘီးတိုက်မိမှု ဖြစ်ပွားခဲ့သည်။

စစ်ဆေးအရေးယူ

ဖြစ်စဉ်မှာ မကွေးမြို့မှ တောင်တွင်းကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်မောင်း ခွန်အေးကျော်မောင်းနှင်သည့် လိုက်ထရပ်(၈ဆ/---) အဖြူရောင်ကားနှင့် တောင်တွင်းကြီးမြို့မှ ကွမ်းခြံစုရွာသို့ပြန်သည့် မစန်းစန်းမော်စီးနင်းလာသည့် စက်ဘီးတို့ တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် စက်ဘီးစီးနင်းသူမစန်းစန်းမော် ဒဏ်ရာအနည်းငယ်ရရှိသဖြင့် မကွေးဆေးရုံကြီးသို့ ဆေးကုသရန်ပို့ဆောင်ခဲ့ပြီး ယာဉ်တိုက်မှုနှင့်ပတ်သက်၍ တောင်တွင်းကြီးရဲစခန်းမှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၁၇)

ဆိုင်ကယ်ပေါ်မှပြုတ်ကျ၊ ဒဏ်ရာပြင်းစွာရ

ပုသိမ် မေ ၃

မေ ၂ ရက် နံနက် ၇ နာရီခွဲခန့်က ပုသိမ်မြို့နယ် သလပ်ခွာ နတ်ကုန်းကျေးရွာနေ စောနေပါဂေး (အဖ-ဦးလှချစ်)သည် ငပုတောမြို့နယ် ဘီလူးကုန်းကျေးရွာနေ နော်ဒေလီဖော အသက် ၂၂ နှစ် (အဖ-စောမူးကြီး)အား ငွေဆောင်မှ ပုသိမ်မြို့သို့ ဆိုင်ကယ်ဖြင့်တင်ဆောင်၍မောင်းနှင်လာစဉ် သလပ်ခွာဘောလီတံတားကို အရှိန်ဖြင့်မောင်းတက်၍ ပုသိမ်ဘက်ခုံးအဆင်းတွင် အရှိန်မထိန်းနိုင်မှုကြောင့် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ နော်ဒေလီဖောမှာ ပြုတ်ကျပြီး လမ်းပခုံးနှင့်ရိုက်မိ၍ ယာဘက်နားထင်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် ပုသိမ်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသခံယူလျက်ရှိသည်။ ယင်းအမှုနှင့်ပတ်သက်၍ သလပ်ခွာ ရဲစခန်းမှ (ပ) ၁၄-၂၀၁၁ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူထားရှိကြောင်း သိရှိရသည်။ (၀၇၇)

ကမ္ဘာ့စီးပွားရေး မျက်နှာစာတွင် မြန်မာ့ဈေးကွက်ထိုးဖောက်နိုင်ရေး ကုန်သည်/စက်မှု အသင်းချုပ်ကြီး ကြိုးပမ်းလျက်ရှိ

သတင်းဆောင်းပါး-တင်မာဝင်း ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အသင်းသား စုံညီ အစည်းအဝေးကို မေ ၁ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အဆောက်အအုံ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပခဲ့သည်။

ဖွဲ့စည်း

ကုန်သည်/စက်မှုအသင်းချုပ်ကို ရည်ရွယ်ချက် ၁၁ ချက်၊ လုပ်ငန်းတာဝန် ၂၀ တို့ဖြင့် ၁၉၈၉ ခုနှစ်က ဖွဲ့စည်းခဲ့ပြီးနောက် ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်တွင် အဆင့်မြှင့်တင်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို မေ ၁ ရက်က နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ခန်းမ၌ ဤသို့ ကျင်းပခဲ့သည်။

တိုးတက်လာ

ကုန်သည်/စက်မှု အသင်းချုပ်သည် နိုင်ငံတော်အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်ပနိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်း စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်းလျက် မြန်မာ့စီးပွားရေးလုပ်ငန်းများ ကမ္ဘာ့အဆင့်မီ တိုးတက်အောင်မြင်အောင်၊ နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိသည်။

စဉ်ဆက်မပြတ်

ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးကူညီမှုများ ပြုလုပ်ပေးလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကလည်း ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဦးဆောင်ကာ ညီနောင်အသင်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်း၌ နယ်စပ်ဒေသများအထိ သွားရောက်ကွင်းဆင်း၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းကာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်ပေးခြင်း၊ လုပ်ငန်းအခက်အခဲနှင့် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊ ပြည်ပကုန်သည်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးခြင်း၊ ပြည်ပဆွေးနွေးပွဲ၊ သင်တန်း၊ ပြပွဲများသို့ စေလွှတ်ခြင်း စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ခေတ်မီနည်းစနစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အသင်းသား စုံညီ အစည်းအဝေး၌ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ''နိုင်ငံတော် စီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်၏ သင်တန်းကျောင်းကို တက္ကသိုလ်အဆင့်အထိ အဆင့်ဆင့် တိုးချဲ့ဖွင့်လှစ်နိုင်အောင် ကြိုးစားပြီး စီးပွားရေး (Business) ဘာသာရပ် အမျိုးမျိုးကို သင်ကြားပို့ချပေးရန်၊ စားသုံးသူများကို မထိခိုက်စေဘဲ ထုတ်လုပ်သူများ အကျိုးရှိစေမည့် ကုန်ထုတ်စွမ်းအား ပိုမိုမြင့်တက်လာရေးအတွက် နည်းပညာများ၊ ခေတ်မီနည်းစနစ်များကို လွှဲပြောင်းရယူအသုံးပြုနိုင်ရေး ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း'' ပြောကြားသွားခဲ့သည်။

''နိုင်ငံတော်စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်''

ဦးဝင်းအောင်

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

ကုန်သည်များနှင့်

စက်မှုလက်မှု

လုပ်ငန်းရှင်များအသင်းချုပ်။

ညှိနှိုင်းဆောင်ရွက်

ကုန်သည်/စက်မှု အသင်းချုပ်အနေဖြင့် နိုင်ငံတကာ အတွေ့အကြုံ၊ အသိအမြင်ဗဟုသုတများ တိုးပွားစေရေးနှင့်ပြည်ပဈေးကွက်များကို တိုးချဲ့ရှာဖွေရေးအတွက် ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ သံတမန်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ကူညီပံ့ပိုးပေး

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ ပုဂ္ဂလိက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း နည်းလမ်းများ ရှာဖွေကြံဆ ကူညီပံ့ပိုးပေးလျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး အမြန်ပေါ်ထွန်းရေးအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဦးဆောင်စည်းရုံး လက်တွဲပူးပေါင်းကာ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရင်း ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် မြန်မာ့ဈေးကွက်ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြည်တွင်း ပြည်ပ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ဤသို့ တွေ့ရသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၆ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်၊မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝင်းမြင့်ကျော်နှင့်အမှုဆောင်အရာရှိ ဦးအေးနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ဧပြီ ၈ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် မီးဘေးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးသတိပေးစာသားပါ မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ဧပြီ ၆ရက်က တောင်ငူမြို့ ရန်ကုန်-မန္တလေး လမ်းမကြီးနှင့်ကန်လမ်းထောင့်ရှိ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးရှေ့၌ ကျင်းပစဉ်။ (၁၁၅)

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြသီတာဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မေ ၂ ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီး များနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာ ဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

❐ *ရွှေဖုံးမှ*

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ စာပေဆုအလှူရှင် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာခင်မိုးမိုးတို့က လူမှုစီးပွားဘာသာရပ်အတွက် ''နိဂုံးမဟုတ်သောနိဂုံး သို့မဟုတ် ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ'' စာအုပ်ဖြင့် ဆုရ ဝင်းထွဋ်ဇော်၊ ရည်ညွှန်းစာပေ ဘာသာရပ်အတွက် ''စာအုပ်ကမ္ဘာ'' စာအုပ်ဖြင့် ဆုရ ဖေမြင့်ကိုယ်စား ဒေါက်တာဖေသက်ဦး၊ ဝိဇ္ဇာဘာသာရပ်အတွက်''လွမ်းတော်မူဖို့ စာကိုစီတယ်'' စာအုပ်ဖြင့် ဆုရမောင်မိုးသူ ကိုယ်စား သမီး မအေးသီတာ၊ ဘာသာပြန်ဘာသာရပ်အတွက် ''စီးပွားအောင်ခြင်း'' စာအုပ်ဖြင့် ဆုရ ကြည်ရွှန်းနှင့် သိပ္ပံဘာသာရပ်အတွက် ''အတိုင်းမသိစကြဝဠာ'' စာအုပ်ဖြင့် ဆုရ ကိုဆွေ (ပန်နိုရားမား)တို့အား ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်) တာဝန်ရှိသူတို့က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေကျပ်ခုနစ်သိန်း၊ ဦးဖိုးကျား သုတစွယ်စုံစာကြည့်တိုက်အတွက် ငွေကျပ် ခြောက်သိန်းနှင့် စာရေးဆရာကြီး ဆရာနတ်နွယ်သို့ ကျန်းမာရေးထောက်ပံ့ ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ သုတစွယ်စုံ စာပေဆု ရွေးချယ်ရေးအဖွဲ့အတွက် ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ဆရာကြီးဦးဝင်းမောင်(မင်းယုဝေ)နှင့် မောင်ခင်မင်(ဓနုဖြူ)တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း စာပဒေသာဘာသာရပ်တွင် ''အိုဆာကာ ညှော့သည်'' စာအုပ်ဖြင့် ဆုရရှိသူ မောင်ခင်မင်(ဓနုဖြူ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လူမှုစီးပွားဘာသာရပ်အတွက် ''နိဂုံးမဟုတ်သော နိဂုံး သို့မဟုတ် ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ'' စာအုပ်ဖြင့် ဆုရရှိသူ ဝင်းထွဋ်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် သုတစွယ်စုံ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စွယ်စုံမီဒီယာဂရု(ပ်)မှ တာဝန်ရှိသူများ၊ ဆုရစာရေးဆရာများနှင့် အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အထူးပြုဘာသာရပ်များအကြောင်း ဟောပြောမည်

နေပြည်တော် မေ ၃

ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ပြီးနောက် အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူပြုစေမည့် ဘာသာရပ်ဆိုင်ရာ ရွေးချယ်သင်ယူမှုများကို နိုင်ငံအသီးသီးရှိ တက္ကသိုလ်များတွင် သွားရောက်လေ့လာသင်ယူလာကြရာ၌ အလုပ်အကိုင်နှင့်သက်ဆိုင်သည့် ဘာသာရပ် မှန်ကန်ရန်အတွက် ကြိုတင်ပြင်ဆင်လေ့လာမှုများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

အထောက်အကူပြု

ကြိုတင်လေ့လာသော ဘာသာရပ်များတွင် MBA ဘွဲ့များ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုနယ်ပယ် ဘက်စုံသုံးသပ်ရေး၊ လူ့အရင်းအမြစ် စီမံခန့်ခွဲမှုတွင် လက်တွေ့ရင်ဆိုင်နေရသော ပြဿနာများ၊ ခေတ်နှင့်လျော်ညီသော ခေါင်းဆောင်မှုစွမ်းရည်များကို လေ့လာနိုင်သည့် ဘာသာရပ်များ၊ ဇီဝဗေဒနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စီးပွားရေးနှင့် တွဲဖက်သင်ယူနိုင်သော ဘာသာရပ်၊ IT ဘာသာရပ်များ၊ ဆရာဝန်ဘွဲ့ရများနှင့် စိတ်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများအတွက် ပါရဂူဘွဲ့ရသည်အထိ သင်ယူနိုင်သော စိတ်ပညာ ဘာသာရပ်များသည် အသက်မွေးဝမ်းကျောင်း အတွက် အထောက်အကူပြုသော ဘာသာရပ်များဖြစ်သည်။

လေ့လာနိုင်

ထိုဘာသာရပ်များကို လေ့လာလိုသူများသည် ဂျိမ်းကွတ်တက္ကသိုလ်နှင့် ကရောင်းပညာရေးတို့မှ မေ ၇ ရက်(စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ပတ်ရှိုင်ရယ်ဟိုတယ်တွင် ပြုလုပ်မည့် ဆွေးနွေးဟောပြောပွဲသို့ တက်ရောက် လေ့လာနိုင်ကြောင်း သိရှိရသည်။ ဟောပြောပွဲနေ့တွင် IELTS / TOEFL ရမှတ်မရှိသေးသူများအတွက် JCU ဝင်ခွင့်စာမေးပွဲ အခမဲ့ စစ်ဆေးပေးခြင်း၊ ရရှိထားသည့် ABE, IDCS, IADCS နှင့် နိုင်ငံတကာလက်မှတ်ကိုင်ဆောင်ထားသူများ အတွက် ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် လက်တော့ပ်တစ်လုံး ရရှိခွင့်တို့ပါ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲနှင့် ပတ်သက်၍ ကရောင်းပညာရေး အခန်း ၂၂၈/၂၂၉ ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ် ဖုန်း-၂၁၁၈၈၈(လိုင်းခွဲ-၂၂၈-၂၂၉)နှင့် ၀၉-၇၃၂၇၃၂၇၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

◆ *ရွှေဖုံးမှ*

ဆောက်လုပ်ထား

ရေပူမှာ ၉၈ ဒီဂရီဖာရင်ဟိုက်အထိ ပူနွေးပြီး နွေ၊ မိုး၊ ဆောင်း မပြတ် တစ်နာရီလျှင် ဂါလန် ၈၀၀၀ မှ ၁၀၀၀၀အထိ ထွက်ရှိသည်ဟုဆို၏။ ရေပူစမ်းအနီးတွင် ရေအေးချောင်း လည်းရှိသဖြင့် အပန်းဖြေသူများ ရေပူ၊ ရေအေး လိုသလိုစပ်၍ ရေချိုးနိုင်သည်။ ထိုသို့ ရေစပ်၍ ချိုးနိုင်ရန် ရေကန်ကြီးတစ်ခု၊ ရေအေးသက်သက် ချိုးလိုသူများအတွက် ရေအေးကန်တစ်ခုနှင့် မိသားစုအခန်းတွင် ရေချိုးလိုသူများအတွက် PRIVATE ရေချိုးခန်းများကို ပြုလုပ်ပေးထားသည်။ ထို့အပြင် ကျား၊မ အဝတ်လဲခန်းများလည်း ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

ရေပူထွက်သည့် နေရာတွင် ကြက်ဥ၊ ငုံးဥ၊ အာလူးတို့ကို ရေပူထဲတွင်ထည့်၍စိမ်ပြီး စားသုံးနိုင်သည်ဆို၏။ ကြက်ဥနှင့် ငုံးဥကို သုံးမိနစ်သာပြုတ်ရပြီး အာလူးဆိုလျှင် ငါးမိနစ်ခန့် ပြုတ်လျှင် စားသုံးရန်အသင့်အထိ ကျက်သွားပြီဟု သိရသဖြင့် ကျွန်တော်တို့သည် ပါလာသော ကြက်ဥ၊ ငုံးဥတို့ကို ခြင်းထဲထည့်၍ ကြိုးချည်ပြီး ရေပူထွက်သည့် နေရာတွင် ပြုတ်ပြီး စားခဲ့ကြသည်။

ထို့အပြင် ရေပူစမ်းဝန်းကျင်၌ သဘာဝပန်းအလှပင်များ၊ လမ်းသွယ်ကလေးများနှင့် လှပသော တံတားငယ်ကလေးများ ဆောက်လုပ်ထားသည်ကို တွေ့ခဲ့ရသည်။

သဘာဝရေပူစမ်း

အဆိုပါ နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းသည် ပျဉ်းမနား-ပင်လောင်းကားလမ်းပေါ်ရှိ တောင်ကျရွာအနီးတွင်ရှိပြီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၇၁/၄) ကင်းသာလမ်းဆုံမှ ကိုးကွေ့အထိ တောင်ပေါ်လမ်း အတိုင်း၂၁မိုင်၊ တစ်ဖန် ကိုးကွေ့မှ ပျဉ်းမနား-ပင်လောင်း ကားလမ်းအတိုင်း လေးမိုင်နှစ်ဖာလုံ ဆက်၍သွားလျှင် ယခင်တောင်ကျရွာ (ယခုအခေါ် တောင်ပေါ်ရွာ) အလွန်တွင် ရှိပါသည်။ အထဲသို့ တစ်မိုင်ခြောက်ဖာလုံခန့် ကတ္တရာလမ်းအတိုင်း ဝင်ရောက်ခဲ့လျှင် ပွက်ပွက်ဆူ၍ ရေပူထွက်နေသော သဘာဝရေပူစမ်း (Sulphur Spring) ကို တွေ့ရမည် ဖြစ်သည်။

လှပသော စားသောက်ဆိုင်များလည်း ဆောက်လုပ်ထားရာ ကိုယ်နှစ်သက်သော အရှေ့တိုင်း/အနောက်တိုင်း ဟင်းလျာများကို မှာယူ စားသုံးနိုင်မည်ဖြစ်သည်။ တောတွင်း လမ်းလျှောက်လိုလျှင် သို့မဟုတ် အပျော်စီးဆင်များ စီးလိုလျှင်လည်း ဆင်များအသင့်စီစဉ်ထားသည်ဟု သိခဲ့ရသည်။

အသုံးပြုထား

ရေပူစမ်းအပန်းဖြေစခန်းတွင် ထွန်းထားသော လျှပ်စစ်မီးအနေဖြင့် သဘာဝနေစွမ်းအင်ကို အသုံးပြုထားသည့် Solar System အပြင် Mini Hydropower လည်း တပ်ဆင်၍ လျှပ်စစ်ကို ထုတ်ယူအသုံးပြုထားသည်။

ဖွင့်လှစ်ပေး

အဆိုပါ ရေပူစမ်း အပန်းဖြေစခန်းကို T.G.E ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၀၉ ခုနှစ်တွင် တာဝန်ယူ တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ်မှာ တည်ဆောက်ပြီး၍ အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် ၁၁-၄-၂၀၁၀ ရက်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ မူလဆောက်လုပ်ပေးခဲ့သည့် T.G.E ကုမ္ပဏီကို တစ်နှစ် လုပ်ကိုင်ခွင့်ထပ်ပေးခဲ့သဖြင့် ထိုကုမ္ပဏီက ကြော်ငြာသည့်အနေဖြင့် ဝင်ကြေးနှင့် ပြင်ပရေချိုးကန်များတွင် ရေချိုးခြင်းကို အခမဲ့ခွင့်ပြုလျက်ရှိပြီး ဆောက်လုပ်ပေးထားသည့် သီးသန့်မိသားစု ရေစိမ်ကန်များကိုသာ သင့်တင့်သည့် နှုန်းထားများယူ၍ ရေချိုး၊ ရေစိမ်ခွင့်ပြုလျက် ရှိသည်။ ရေပူစမ်းအပန်းဖြေစခန်းတွင် တည်းခိုခန်းများကိုလည်း ယခုရှိသည့် တည်းခိုခန်းများအပြင် ထပ်မံတည်ဆောက်သွားဦးမည်ဟု သိရသည်။ ထိုရေပူစမ်းအပန်းဖြေစခန်းသည် နေပြည်တော်၏ အပန်းဖြေစရာ Resort တစ်ခုဖြစ်သည်။ နေပြည်တော်တွင် လက်ရှိ ရှိနေသော ငှက်ဆည်အပန်းဖြေစခန်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်းတို့နှင့်အတူ အားလပ်ရက်များတွင် ပြည်သူများ လာရောက် အပန်းဖြေနိုင်ကြပါကြောင်း ကိုယ်တိုင်သွားရောက်လေ့လာ၍ ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းတွင် မိသားစုများအတွက် ရေချိုးကန်များ ပြုလုပ်ပေးထားသည်ကို ဤသို့ တွေ့ခဲ့ရသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNHCR ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNHCR ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Nickel ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် မေ ၃

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar CNMC Nickel Co.,Ltd. ဒုတိယဥက္ကဋ္ဌ Mr.Wang Xiaowei ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Nickel ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ)** **(သတင်းစဉ်)**

အမှာစကားပြောကြား

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေး စေတနာထားသင်ကြား သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း

ရန်ကုန် မေ ၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မေ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ရွာမ)၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ သင်တန်းဌာန (လှိုင်)တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများ၊ နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ဆရာ ဆရာမများအားလုံးက စေတနာထားသင်ကြားပေးရန်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ရန်ကုန်နည်းပညာ တက္ကသိုလ်ရှိ စာသင်ခန်း၊ လက်တွေ့ခန်း၊ စာကြည့်တိုက်များနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ပူးပေါင်းဖွင့်လှစ်

ထို့နောက် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ သင်တန်းဌာန (လှိုင်)တို့၌ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်လျက်ရှိသော(IMCEITS) သင်တန်းနှင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်လျက်ရှိသော (ICTTI) သင်တန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ပြည်ထောင်စု ဝန်ကြီးသည် မေ၂ရက်တွင် နည်းပညာတက္ကသိုလ် (မှော်ဘီ)နှင့် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တို့ကို လည်းကောင်း၊ ယနေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(သန်လျင်)ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် မေ ၂ ရက် နံနက်ပိုင်းတွင် တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာ၌ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် တွန်းဇံမြို့နယ် ရှားထောဇန်ကျေးရွာ၌ လယ်မြေသစ်ဖော်ထုတ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ မူလတန်းလွန်ကျောင်း၌ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှု

၃-၅-၂၀၁၁

နေပြည်တော်(လေဆိပ်)	၁ ဒသမ ၈၁ လက်မ
နေပြည်တော်(ပျဉ်းမနား)	၀ ဒသမ ၈၆ လက်မ
ကြို့ပင်ကောက်မြို့	၂ ဒသမ ၁၅ လက်မ
မြစ်ကြီးနားမြို့	၁ ဒသမ ၈၄ လက်မ
ကသာမြို့	၁ ဒသမ ၇၇ လက်မ
ကျောက်ဖြူမြို့	၁ ဒသမ ၄၉ လက်မ

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၃

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ မေ ၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၄၈၂ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၃ရက်က ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပသည့် Europe Day အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဗန်ကောက်မြို့ အခြေစိုက် The Delegation of European Union ရုံးမှ H.E .Mr. David Lipman (သံအမတ်ကြီး/ The Head of Delegation) ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၄ ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မာန်အောင်မြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ

မာန်အောင် မေ ၃

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးအေးထွန်းအပါအဝင် မျက်စိဆရာဝန်ကြီး ခုနစ်ဦး၊ ကျွမ်းကျင်သူနာပြု ၁၅ ဦး၊ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)မှ နာယက ဦးစိုးတင်၊ ဒုတိယဥက္ကဋ္ဌ ဦးရွှေတင်အောင်တို့ ပါဝင်သောအဖွဲ့သည် ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ အခမဲ့ကုသရာ၌ ပြင်ပလူနာခွဲစိတ်ကုသသူ ၁၅၈၄ ဦး၊ မျက်မှန်စမ်းသပ်-မျက်မှန်ပေး ၈၆၆ ဦး၊ မျက်စိခွဲစိတ်ကုသမှုအကြီးစား ၂၇၁ ဦး၊ မျက်စိခွဲစိတ်ကုသမှုအသေးစား ခြောက်ဦးနှင့် မျက်လုံးအတုတပ်ဆင် ငါးဦးတို့အား မျက်စိအလင်းဓာတ် အလှူဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၃

ကရင်ပြည်နယ် ဝေါလေမြို့နယ်ခွဲ ဥတရစ်ထကျေးရွာနေ ဦးကျော်မြင့် အသက် (၅၃) နှစ်သည် ၎င်း၏ ဥယျာဉ်ခြံအတွင်း ခြံလုပ်ငန်းလုပ်ကိုင်နေစဉ် မေ ၃ ရက် နံနက် ၇ နာရီခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိ ပေါက်ကွဲ၍ ဘယ်ခြေချင်းဝတ်အထက်မှပြတ်ဒဏ်ရာ ရရှိခဲ့သဖြင့် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

ဂရမ်မီဆုရအဆိုတော် ကယ်လီပရိုက်စ် ရှစ်နှစ်အတွင်း ပထမဆုံးအယ်လ်ဘမ်ထွက်ရှိ

လော့စ်အိန်ဂျလိစ် မေ ၃

ဂရမ်မီဆုရအဆိုတော် ကယ်လီပရိုက်စ် (အပေါ်ပုံ)သည် ရှစ်နှစ်တာအတွင်း ပထမဆုံး R&B အယ်လ်ဘမ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုတော် ကယ်လီပရိုက်စ်သည် ၂၀၀၃ခုနှစ်က"Priceless" အမည်ရှိ တေးအယ်လ်ဘမ်ထွက်ပြီးနောက် အသစ်ထပ်မံမထွက်ခဲ့သည်မှာ ရှစ်နှစ် ကြာခဲ့ပြီဖြစ်သည်။

ယခုထွက်ရှိလာသော တေးအယ်လ်ဘမ်အမည်မှာ This is Who I Am ဖြစ်သည်။ ယင်းအယ်လ်ဘမ်မှာ မိမိဘဝအကြောင်း သီဆိုဖော်ကျူးထားသည့် အယ်လ်ဘမ်ဖြစ်ကြောင်း၊ အောင်မြင်သော အဆိုတော်တစ်ယောက်ဖြစ်လာစေရန် ကြိုးစားခဲ့ရသည့် ဘဝပုံရိပ်များကို ထင်ဟပ်စေကြောင်း အဆိုတော် ကယ်လီပရိုက်စ်က ပြောကြားသည်။

Friend Of Mine တေးအယ်လ်ဘမ်နှင့် As We Lay တေးအယ်လ်ဘမ်တို့သည် အဆိုတော်ကယ်လီပရိုက်စ်အား လူသိများစေခဲ့သည့် အယ်လ်ဘမ်များဖြစ်သည်။

အဆိုတော် ကယ်လီပရိုက်စ်သည် အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးဖြစ်သည်။ သူသည် အသက် ၁၉နှစ်အရွယ်က သူမ၏မန်နေဂျာဖြစ်သူ ဂျက်ဖရီရိုလီနှင့်အိမ်ထောင်ကျခဲ့သည်။ ယခုအခါအိမ်ထောင်သက်တမ်း ၁၉နှစ်ရှိသွားပြီဖြစ်သည်။

(အင်တာနက်)

ဂရမ်မီဆုဆိုသည်မှာ...

ကောင်းမြတ်သူ

စုစည်းသည်

လော့စ်အိန်ဂျလိစ် မေ ၃

ဂရမ်မီဆုသည် အမေရိကန်နိုင်ငံ၌ ဂီတအနုပညာရပ်ဝန်းတွင် ထူးချွန်သူများအား နှစ်စဉ် ချီးမြှင့်ပေးအပ်နေသည့် ဆုဖြစ်သည်။ ထိုဆုကို အမေရိကန် အမျိုးသားအသံပိုင်းဆိုင်ရာ အနုပညာနှင့် သိပ္ပံဆိုင်ရာ အကယ်ဒမီက ပေးအပ်နေခြင်းဖြစ်သည်။ ဂရမ်မီဆု ချီးမြှင့်ရေးအဖွဲ့ကို အမေရိကန် အမျိုးသား အသံပိုင်းဆိုင်ရာ အနုပညာနှင့် သိပ္ပံဆိုင်ရာ အကယ်ဒမီက ၁၉၅၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

ကျင်းပ

ဂရမ်မီဆုကို ရာစုနှစ် တစ်ဝက် ကျော်လာသည်အထိ အမေရိကန် ပြည်သူများအကြား သိသူနည်းပါးကြသည်။ ပထမဆုံးသော ဂရမ်မီဆု (Grammy Award) ပေးပွဲအခမ်းအနားကို ၁၉၅၉ ခုနှစ်က လော့စ်အိန်ဂျလိစ်မြို့ ဘီဘာလီဟဲလ်ရီတန်အရပ်၌ ကျင်းပခဲ့သည်။ ထိုစဉ်က အမေရိကန်နိုင်ငံတွင် ဂရမ်မီဆုအကြောင်း သိသူနည်းပါးနေသေးသည့်အချိန် ဖြစ်သည်။

ရေပန်းစား

အမေရိကန် တေးဂီတလောကတွင် ဟစ်ဟော့ပ်၊ R&B၊ ပေါ့ပ်၊ ရော့ခ် Heavy Metal စသည်ဖြင့် သီချင်းများ လူကြိုက်များ ရေပန်းစားလာခဲ့ပြီးနောက် ဂရမ်မီဆုကို သိသူများလာကြသည်။ အကြောင်းမှာ ဂရမ်မီဆုရွေးချယ်ရေးအဖွဲ့က အဆိုပါ ဂီတ အမျိုးအစားများအလိုက် ဂရမ်မီဆုများ ချီးမြှင့်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ဂရမ်မီဆု အများဆုံးရခဲ့သူ

ဂီတ အနုပညာရှင်တွေအကြား ဂရမ်မီဆု အများဆုံးရခဲ့သူမှာ ဂီတမှူး ဂျော့ဆိုတီဖြစ်သည်။ သူသည် ခေတ်ဟောင်းတေးများ တီးခတ်ဖျော်ဖြေမှု ဂီတလောကတွင် အောင်မြင်ကျော်ကြားခဲ့သူတစ်ဦးဖြစ်သည်။ သူ၏ ဂီတ အနုပညာ သက်တမ်းတစ်လျှောက် ဂရမ်မီဆုပေါင်း ၃၁ ဆု ဆွတ်ခူးနိုင်ခဲ့သည်။ သို့သော် သူသည် ၁၉၉၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီ ဖြစ်သည်။ Classical music ဂီတအမျိုးအစား အများဆုံးဖြင့် ဂရမ်မီဆုအများဆုံး ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။

အသက်အငယ်ဆုံးဆုရှင်

အသက်အငယ်ဆုံး ဂရမ်မီဆုရှင်မှာ လန်းစ်ရီမက်စ် ဖြစ်သည်။ သူမသည် အသက် ၁၄ နှစ်ဖြင့် ဂရမ်မီဆုကို ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အကောင်းဆုံး အဆိုရှင်သစ် (Best New Artist) ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂရမ်မီဆု အများဆုံးရတီးဝိုင်း

ဂရမ်မီဆု အများဆုံးဆွတ်ခူးနိုင်ခဲ့သည့် တီးဝိုင်းမှာ U2 တီးဝိုင်းဖြစ်သည်။ ၎င်းတီးဝိုင်းသည် ဂရမ်မီဆုပေါင်း၂၂ဆုအထိ ဆွတ်ခူးနိုင်ခဲ့သည့် ကမ္ဘာကျော်တီးဝိုင်းကြီး ဖြစ်သည်။

အများဆုံး

တစ်နှစ်တည်းဖြင့် ဂရမ်မီဆု အများဆုံးဆွတ်ခူးနိုင်သူမှာ နာမည်ကျော် အဆိုတော်မိုက်ကယ်ဂျက်ဆင်ဖြစ်သည်။ သူသည် ၁၉၈၄ ခုနှစ်က တစ်နှစ်တည်းဖြင့် ဂရမ်မီဆု ရှစ်ဆု ရရှိခဲ့သည်။

အမျိုးသား တစ်ကိုယ်တော် ဂရမ်မီဆု အများဆုံးဆွတ်ခူးနိုင်သူမှာ စတီဗ်ဝင်းဒါးဖြစ်သည်။ ဝင်းဒါးသည် အနုပညာရှင်သက်တမ်း တစ်လျှောက် ဂရမ်မီဆုပေါင်း ၂၂ဆု ရရှိခဲ့သူဖြစ်သည်။

အမျိုးသမီး တစ်ကိုယ်တော် ဂရမ်မီဆု အများဆုံးဆွတ်ခူးနိုင်သူမှာ အလီဆွန်ခရပ်စ် ဖြစ်သည်။ သူမသည် ဂီတအနုပညာရှင် သက်တမ်းတစ်လျှောက် ဂရမ်မီဆုပေါင်း ၂၆ ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရှိရသည်။

ကိုးကား-အင်တာနက်

ဂရမ်မီဆုအများဆုံးရခဲ့သော ဂီတမှူး ဂျော့ဆိုတီ။

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ဟောလိဝုဒ်ရုပ်ရှင်မင်းသားလာမက်ဇ် မော်ဒယ်လ်ကရင်းနှင့်လက်ထပ်ပြီ

မောင်မောင်မြင့်ဆွေ

ရေးသားသည်

လော့စ်အိန်ဂျလိစ် မေ ၃

ဟောလိဝုဒ်ရုပ်ရှင်မင်းသား လိုရန်ဇိုလာမက်စ်နှင့် မော်ဒယ်လ်သရုပ်ဆောင် ရှာနာကရင်းတို့နှစ်ဦးသည် မက္ကဆီကိုနိုင်ငံ ကာဘိုဆန်လူကတ်စ်မြို့ရှိ ကာဆာဒိုရာဒါ အပန်းဖြေစခန်း၌ မေ ၂ ရက်က လက်ထပ်လိုက်ပြီဖြစ်သည်။ **(ယာပုံ)**

လက်ထပ်

ဟောလိဝုဒ်မင်းသားကြီး လိုရန်ဇိုလာမက်ဇ်မှာ အသက် ၅၃ နှစ်အရွယ်ရှိပြီး ကရင်းမှာ အသက် ၂၄နှစ်အရွယ်သာရှိသေးသည်။ လာမက်ဇ်နှင့် ကရင်းတို့မှာ ချစ်သူဘဝ သုံးလကြာမျှတွဲခဲ့ပြီးနောက် ယခုကဲ့သို့ လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။

လာမက်ဇ်မှာ ယခင်က အိမ်ထောင်လေးကြိမ်ပြုခဲ့ဖူးပြီး ကွာရှင်းပြတ်စဲခဲ့သည်။ ၎င်းအိမ်ထောင်များနှင့် ကလေးခြောက်ဦးရရှိခဲ့သည်။ နောက်ဆုံး အိမ်ထောင်ပြုခဲ့သည်မှာ ရှာနာဆန်နှင့်ဖြစ်ပြီး လေးနှစ်ခန့်ပေါင်းသင်းကာ ၂၀၀၂ ခုနှစ်က ကွာရှင်းခဲ့ခြင်းဖြစ်သည်။

သရုပ်ဆောင်

ကရင်းမှာ လောလောဆယ်တွင် မက္ကဆီကိုနိုင်ငံ၌ မော်ဒယ်လ်ပွဲများတွင် ပါဝင်လျက်ရှိပြီး ရုပ်ရှင်မင်းသားကြီး လာမက်ဇ်မှာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများဖြစ်သည့် Falcon Crest နှင့် Renegade တို့၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

ဆံပင်အညိုရောင်၊ မျက်လုံးအညိုရောင်နှင့် အရပ် ငါးပေ၊ ငါးလက်မရှိသော ကရင်းသည် မိမိကို ရင်ခုန်စေကြောင်း မင်းသားကြီးလာမက်ဇ်က ပြောကြားခဲ့သည်။

(အင်တာနက်)

တရီဘီကာ ရုပ်ရှင်ပွဲတော်၌ Give up Tomorrow ဇာတ်ကား ဆုရရှိ

နယူးယောက် မေ ၃

နယူးယောက်မြို့တွင် မေ ၂ ရက်က ကျင်းပပြီးစီးခဲ့သည့် တရီဘီကာ ရုပ်ရှင်ပွဲတော်၌ Give Up Tomorrow ရုပ်ရှင်ဇာတ်ကားက အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ရရှိခဲ့ကြောင်း တရီဘီကာရုပ်ရှင်ပွဲတော်ကျင်းပရေး ဆုချီးမြှင့်မှုအဖွဲ့က သတင်းထုတ်ပြန်သည်။

ဂုဏ်ပြုချီးမြှင့်ခြင်းခံရ

၎င်းရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာ မိုက်ကယ်ကောလင်းလည်း အမေရိကန်ဒေါ်လာ ၂၅၀၀၀ ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။ Give Up Tomorrow ရုပ်ရှင်ဇာတ်ကားသည် တရီဘီကာရုပ်ရှင်ပွဲတော်၌ လူကြိုက်အများဆုံးလည်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ်ကို အခြေပြုရိုက်ကူးထားသော ရင်နင့်ကြေကွဲဖွယ်ရာ အက်ရှင်ဒရာမာ ဇာတ်ကားလည်း ဖြစ်သည်။

ပြောကြား

တရီဘီကာ ရုပ်ရှင်ပွဲတော်ကျင်းပခဲ့သည့် သက်တမ်းအတွင်း ကမ္ဘာ့ရုပ်ရှင်လောကအား ဝင်ဆံ့ထိတွေ့နိုင်ရန် ပေါင်းကူးပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဆုချီးမြှင့်ခံရသည့်အတွက် မိမိ၏ အနာဂတ်မျှော်လင့်ချက်များကို ပိုမိုရှင်သန်စေခဲ့ကြောင်း ဒါရိုက်တာ မိုက်ကယ်ကောလင်းက ပြောကြားသည်။ **(ယာပုံ)**

(အင်တာနက်)

အီရန်နည်းပြသစ် ကားလို့ကွီရော့စ် ဗင်နီဇွဲလားနှင့် ချစ်ကြည်ရေးပွဲ ဖျက်သိမ်း

တီဟီရန် မေ ၃

အီရန်နှင့် ဗင်နီဇွဲလားဘောလုံးအသင်း ချစ်ကြည်ရေးခြေစမ်းပွဲကို လာမည့်ဇွန်လ၌ ယှဉ်ပြိုင်ကစားရန်စီစဉ်ထားမှုကို ဖျက်သိမ်းလိုက်ကြောင်း အီရန်ဘောလုံးအဖွဲ့ချုပ်က မေ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဖျက်သိမ်း

အီရန်ဘောလုံးအသင်း နည်းပြသစ် ပေါ်တူဂီနိုင်ငံသား ကားလို့ကွီရော့ဇ် ***(အပေါ်ပုံ)*** *၏ ဆုံးဖြတ်ချက်အပေါ်အခြေပြုပြီး အဆိုပါခြေစမ်းပွဲများကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်ဟု အီရန်ဘောလုံးအဖွဲ့ချုပ် အရာရှိတစ်ဦးဖြစ်သူ တိုရာဘင်အင်က ပြောကြားသည်။*

အီရန်ဘောလုံးအသင်းသည် ဗင်နီဇွဲလားအသင်းနှင့် အီရန်နိုင်ငံ တီဟီရန်မြို့၌ ဇွန် ၆ ရက်တွင်လည်းကောင်း၊ ဗင်နီဇွဲလားနိုင်ငံတွင် ဇူလိုင် ၁၇ ရက်၌လည်းကောင်း အပြန်အလှန်ကစားရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ကမ္ဘာ့ဖလားပွဲ၌ အီရန်ဘောလုံးအသင်း အောင်မြင်မှုရရန် နည်းပြအဖြစ် ကားလို့ကွီရော့ဇ်ကို ယခုရက်ပိုင်းအတွင်း၌ အီရန်ဘောလုံးအဖွဲ့ချုပ်က တာဝန်ပေးခဲ့သည်။ ***(အင်တာနက်)***

လီဗာပူး ကစားသမားဟောင်း ဟက်ပီရာ ဘောလုံးကစားခြင်းမှ အနားယူမည်

ဘာလင် မေ ၃

လီဗာပူးနောက်ခံကစားသမားဟောင်းနှင့် ဘေယာလေဗာကူဆင် နောက်ခံကစားသမားဟက်ပီရာက ယခုနှစ်ဘောလုံးရာသီကုန်၌ ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း မေ ၃ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

ဖင်လန်နိုင်ငံသား ဗဟိုခံစစ်မှူး ဟက်ပီရာသည် ဒတ်ချ်ကလပ် ဝီလမ်အသင်းမှ ၁၉၉၉ ခုနှစ်က လီဗာပူးသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ လီဗာပူး၌ ၁၀ နှစ်တာမျှ ကြာအောင်ကစားခဲ့ပြီး ဘေယာလေဗာကူဆင်ကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လီဗာပူးနောက်ခံကစားသမားဟောင်း ဟက်ပီရာ

အသက် ၃၇ နှစ်ရှိပြီဖြစ်သော ဟက်ပီရာသည် လီဗာပူးအသင်းအား ၂၀၀၅ ခုနှစ်၌ ချန်ပီယံလိဂ်ဖလား၊ ၂၀၀၁ ခုနှစ်၌ လိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ယူအီးအက်ဖ်အေဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။ ဟက်ပီရာသည် ဘေယာလေဗာကူဆင်အသင်း၌ နည်းပြအဖွဲ့ဝင် တစ်ဦးအဖြစ်လည်း တာဝန်ယူရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

ဖာဘရီဂတ်စ်အား ချယ်လ်ဆီး ခေါ်မည်

လန်ဒန် မေ ၃

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်နှင့် စပါးကွင်းလယ်ကစားသမား ဂါရက်ဘေးလ်တို့အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း အသင်းပိုင်ရှင်အီဗရာမိုဗစ်က ပြောကြားသည်။ လာမည့် နွေရာသီ၌ ဘောလုံးသမားသစ်များ ဖြည့်ဆည်းရန် ပေါင်သန်း ၈၀ ခွင့်ပြုမည်ဟု ၄င်းကပြောကြားသည်။ **(အင်တာနက်)**

မောင်ချစ်ကြည် ➢ စုစည်းသည်

အားကစားသတင်းအတိုအထွာ

◆ ယခုနှစ်ဘောလုံးရာသီ၌ ၂၂ ဂိုးသွင်းယူထားသော ဆီနီဂေါတိုက်စစ်မှူး ဆစ်စီက ဘလက်ဘန်းမှ ခေါ်ယူမည့် ကမ်းလှမ်းစာကို လက်ခံရရှိခဲ့သည်ဟု ပြောကြားသည်။

◆ ရီးရဲမက်ဒရစ်၌ မန်စီးတီးမှ အငှားချထားသော တိုဂိုတိုက်စစ်မှူး အဒီဘာယောအား တူရကီကလပ် ဖီနာဘာချီက စာချုပ်ချုပ်ဆိုခေါ်ယူရန် မန်စီးတီးနှင့် ညှိနှိုင်းလျက်ရှိသည်။

◆ အူဒီနီးစ်အသင်း၌ ကစားနေသော ကွင်းလယ်ကစားသမား ဆန်ချက်စ်အား မန်ယူနှင့် မန်စီးတီးတို့က ခေါ်ယူရန်အပြိုင်ကြိုးစားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် သန်း၃၀ပေးရန် ကမ်းလှမ်းလျက်ရှိသည်။

◆ မန်ယူဂိုးသမားကြီး ဗန်ဒါဆားသည် ယခုနှစ်ကုန်တွင် အနားယူတော့မည်ဖြစ်ရာ မန်စီးတီးဂိုးသမား ဂီဗန်နှင့် အစားထိုးရန်အတွက် မန်ယူတာဝန်ရှိသူများက ယခုရက်များမှစတင်ကာ ကြိုးစားနေသည်။

◆ ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ဆယ်ကျော်သက် ကွင်းလယ်ကစားသမား အသက် ၁၇ နှစ်အရွယ်ရှိ ဒါဖရင်ဂါအား မန်စီးတီးက လာမည့် နွေရာသီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

◆ အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် ပြင်သစ်အသင်း စိန့်ဂျာမိန်းကွင်းလယ်ဗဟိုခံစစ်မှူး မာမာဒူဆာခိုအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ပေး၍ခေါ်ယူရန် အပြိုင်ကြိုးစားနေကြကြောင်း စိန့်ဂျာမိန်းအသင်းက မေ ၃ရက်၌ သတင်းထုတ်ပြန်သည်။

◆ လီဗာပူးနည်းပြဟောင်း ဘင်နီတက်ဇ်က လက်ရှိ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီရာထူးမှ နုတ်ထွက်ပါက မိမိသည် ၄င်းနေရာတွင် တာဝန်ယူရန် စိတ်ဝင်စားကြောင်း မေ ၃ ရက်၌ထုတ်ဖော်ပြောကြားလိုက်သည်။

◆ စပါးအသင်းတွင် ခြေစွမ်းပြနေသော အဓိကကစားသမားဖြစ်သည့်ဂါးရက်ဘေးလ်၊ လူကာမိုဒရစ်နှင့်ရာဖေးလ်ဗန်ဒါဗတ်တို့အား မည်သည့်နည်းနှင့်မျှ အသင်းမှထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း စပါးနည်းပြ ဟယ်ရီရက်နက်က မေ ၃ ရက်၌ ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

မန်ယူတို့အိမ်ကွင်း၌ ရှုံးပွဲထပ်ကြုံလျှင် ချယ်လ်ဆီးတို့ဖလားရနိုင်ဟု ဖာဂူဆန်ပြောကြား

လန်ဒန် မေ ၃

မန်ယူနှင့်ချယ်လ်ဆီးတို့သည် လာမည့် မေ ၈ ရက်တွင် မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ပွဲစဉ် (၃၆)အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ချယ်လ်ဆီး ကအနိုင်ရသွားလျှင် ဖလားရနိုင်ကြောင်း မန်ယူနည်းပြဖာဂူဆန်က မန်ယူဖလားရရှိရေး အဟန့်အတားဖြစ်စေခဲ့ကြောင်း ဖာဂူဆန် (အောက်ပုံ) က ဝေဖန်ပြောကြားသည်။

ဝန်ခံပြောကြားလိုက်သည်။ ပြီးခဲ့သည့်အပတ်က မန်ယူတို့အဝေးကွင်းတွင် အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းရှုံးနိမ့်မှုသည် ချယ်လ်ဆီးကို ဖလားရနိုင်သည့် အခွင့်အလမ်းဖန်တီးပေးလိုက်သလိုဖြစ်သွားကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး ခရစ်ဖွိုင်းအနေဖြင့် မန်ယူအား ပယ်နယ်တီကန်ခွင့်ပေးရမည်ကို မပေးခဲ့သည့်အတွက်

တိုက်တွန်း

ယင်းပြိုင်ပွဲတွင် မန်ယူက အာဆင်နယ်ကို ရှုံးနိမ့်သွားသဖြင့် မန်ယူနှင့်ချယ်လ်ဆီး ရမှတ်သုံးမှတ်သာကွာတော့သည်။ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့သည့်ပွဲကို မမေ့ကြရန်နှင့် လာမည့်ချယ်လ်ဆီးနှင့် ကစားမည့်ပွဲကို အသင့်ပြင်ထားကြရန်လည်း တိုက်စစ်မှူးရွန်နေက ကစားသမားများအား တိုက်တွန်းလိုက်သည်။ (အင်တာနက်)

တန်းဆင်းဇုန်လွတ်မြောက်ရေး ဝက်စ်ဟမ်း ခုနစ်မှတ်လိုဟု ဂရန့်ပြောကြား

လန်ဒန် မေ ၃

ပရီမီယာလိဂ် တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် လက်ကျန်ကစားရန် ပွဲသုံးပွဲတွင် ရမှတ်ခုနစ်မှတ်လိုအပ်လိမ့်မည်ဖြစ်ကြောင်း ဝက်စ်ဟမ်းနည်းပြ အေဗရမ်ဂရန့် **(အပေါ်ပုံ)**က ပြောကြားသည်။

ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် သီတင်းပတ်က မန်စီးတီး အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သဖြင့် တန်းဆင်းဇုန် အောက်ဆုံးသို့ရောက်ရှိသွားခဲ့သည်။

ကြိုးစားမည်

ဝက်စ်ဟမ်းတို့ နောက်ဆုံးပြိုင်ပွဲအဖြစ် ဆန်းဒါးလန်းအသင်းနှင့် မကစားမီ ဘလက်ဘန်း၊ ဝီဂန်အသင်းများနှင့် ကစားရမည်ဖြစ်သည်။ မိမိတို့၏ ရည်မှန်းချက်သည် ရမှတ် ခုနစ်မှတ်ရရှိရေးပင်ဖြစ်ကြောင်း၊ သို့သော် ကိုးမှတ်စလုံးရအောင် ကြိုးစားမည်ဖြစ်ကြောင်း ဂရန့်က ပြောကြားသည်။ ဝက်စ်ဟမ်းအသင်းသည် လွန်ခဲ့သည့် ငါးပွဲကစားခဲ့ရာတွင် တစ်မှတ်မျှမရခဲ့ပေ။ အမှတ်ပေးဇယားအောက်ဆုံးတွင် ရမှတ် ၃၂ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

(အင်တာနက်)

ခြောက်နှစ်အတွင်းနော့ဝှစ်အသင်း ပရီမီယာလိဂ်တန်းတက်ခွင့်ရရှိ

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် မေ ၃

နော့ဝှစ်အသင်းနှင့် ပို့စ်မောက်အသင်းတို့သည် မေ ၂ ရက်က ချန်ပီယံရှစ်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ နော့ဝှစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ လာမည့်နှစ် ပရီမီယာလိဂ်တန်းတက်ခွင့်ရရှိသွားပြီဖြစ်သည်။ ***(အောက်ပုံ)***

တန်းတက်

နော့ဝှစ်တို့ ရာသီအဖွင့်တွင် ကိုချက်စတာစီးတီးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ပုံမှန်ခြေစွမ်းရအောင်ကစားနိုင်ခဲ့သဖြင့် တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း နည်းပြပေါလ်လမ်ဘတ်က ပြောကြားသည်။

နော့ဝှစ်အသင်းသည် ခြောက်နှစ်အတွင်း ပရီမီယာလိဂ်သို့ ပထမဆုံးအကြိမ် တန်းတက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ နော့ဝှစ်နှင့်အတူ ဗီကျူအာအသင်းသည်လည်း ပရီမီယာလိဂ်သို့တန်းတက်ခွင့်ရရှိထားသည်။ ***(အင်တာနက်)***

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး အရာတော်မြို့နယ်ရှိ အမှတ်(၂)မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လယ်ယာကုန်ထုတ်အသင်းဖွဲ့ စည်းရေးဆောင်ရွက် ဝါနှင့် နှမ်းဧကများ အပြည့်အဝစိုက်ပျိုး

နေပြည်တော် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၁ရက် နံနက်ပိုင်းက အရာတော်မြို့နယ်ရှိ အမှတ် (၂) မြစ်ရေတင်စီမံကိန်း မန်ကျည်းစောက်မှ မြစ်ရေဖြင့် နွေစပါးဧက ၂၀၀၀ ရေတင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းရေး၊ မိုးဦးသီးနှံများဖြစ်သည့် ဝါနှင့်နှမ်းဧကများ အပြည့်အဝစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာ ကွင်းအမှတ်(၃၂၇၅) တွင် တောင်သူဦးချိုဝင်းကျော် စိုက်ပျိုးထားသည့် ရက် ၁၂၀ နွေစပါး ငါးဧက စံပြစိုက်ကွင်းနှင့် ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကွင်းအမှတ် (၃၃၁၆)တွင် တောင်သူ ဒေါ်လေးရှိန် စိုက်ပျိုးထားသည့် ရက် ၉၀ နွေစပါး ၂ ဒသမ ၄၁ ဧကကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ ရတနာသိင်္ဃတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း -၂၀၁၀ စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း-၂၀၁၀ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (ဓာတ်ပုံ)

ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များ၊ သမိုင်းဖြစ်ပေါ် တိုးတက်မှုနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် ခရီးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကဏ္ဍများ၏ တည်ဆောက်အောင်မြင်မှု အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ဦးတည်ချက်များ ထင်ဟပ်လျက် မော်ကွန်းမှတ်တမ်းထိုး တင်ပြထားသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားများကို ၁၉၈၈ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကဏ္ဍအလိုက် နှိုင်းယှဉ်ချက် စာရင်းဇယားများ၊ ကိန်းဂဏန်းများ၊ ရောင်စုံရုပ်ပုံဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉ ၊ ၅၃၁ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၂၅၊ ၆၂၉၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ် ၂၁၂ သိမ်ဖြူလမ်း ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ် ၂၀၁၊ ၃၀၁ မြေညီထပ် ပန်းဆိုးတန်းလမ်း(အထက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)ရန်ကုန် (ဘောင်ဒရီ)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက်ဆရာပူဇော်ပွဲနှင့်ကျောင်းသားများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ရက်က ဒဂုံမြို့နယ်ရှိ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၀၅၆)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃

မျိုးဆက်သစ်အလင်းတန်း စာကြည့်တိုက် အင်းစိန်မြို့နယ်၌ဖွင့်

ရန်ကုန်မြောက်ပိုင်းခရိုင် မျိုးဆက်သစ်အလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၁ရက် နံနက် ၈ နာရီက အင်းစိန်မြို့နယ် ကမ်းနားအလယ် ရပ်ကွက် (ပန်းခြံစုရှေ့) စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ငွေကျပ် ၃၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၂၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ငွေကျပ် ၃၅၀၀၀တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၂၀၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ သုတ၊ရသ စာအုပ် ၂၀၀၊ ဦးသန်းဝင်းက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ရသ စာအုပ် ၂၅၀၊ စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၂၅၀ နှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းလှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်၊ သုတ၊ ရသနှင့်စာအုပ်စာစောင် ၃၀၀ အား ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် တာဝန်ရှိသူများက လက်ခံယူကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာဒါနစာကြည့်တိုက် ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာ၌ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာ ပညာဒါန ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၃ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ စာကြည့်တိုက်အလှူရှင် TZK ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဝင်း၊ ကော့မှူးမြို့နယ် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(အပေါ်ပုံ)***

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ထေရဝါဒ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းက ၂၁လက်မရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်စန္ဒာမြင့်က ရေဒီယိုတစ်လုံး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အလှူရှင်များက စာအုပ်စာစောင်များနှင့် တိုင်ကပ်နာရီတစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် ဗန်းမော်မြို့နယ် နောင်လိုက်ကျေးရွာ၌ဖွင့်

မိုးဦးပန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ ပရိဘောဂ၊ စာအုပ်စာစောင်၊ မီဒီယာပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အနီး မဏ္ဍပ်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအေး၊ မအူပင်ကျေးရွာကျန်းမာရေးမှူး ဦးအောင်ကျော်စိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါက်ရန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာရှင်ပြည်သူများက မိုးဦးပန်းစာကြည့်တိုက်အတွက် ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ရေဒီယိုတစ်လုံး၊ မှန်ဗီရိုတစ်လုံး၊ သုတ၊ ရသစာအုပ်စာစောင် ၂၈၅အုပ်နှင့် ငွေပဒေသာပင် ငွေကျပ် ၃၀၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

4-5 (12).pmd 1 5/4/2011, 1:31 AM

ကမ္ဘာမြေနှင့်အပူလှိုင်းများ၏နောက်ဆက်တွဲဆိုးကျိုးများ

တိုး-ရေးသားသည်

ကမ္ဘာကြီး တစ်နေ့တခြား ပူနွေးလာသည်။ ပူနွေးမှုမှာလည်း တဖြည်းဖြည်း သိသာလာသည်။ ထိုသို့ ပူနွေးလာခြင်း၏ ဆိုးကျိုးကို ကမ္ဘာ့ပြည်သူများ နှစ်စဉ်တိုးပွား ခံစားလာခဲ့ကြရသည်။ အချိန်အခါမဟုတ် မိုးရွာသည်။ မမျှော်လင့်ဘဲ လေပြင်းများတိုက်သည်။ မမျှော်လင့်ဘဲ မုန်တိုင်းများကျသည်။ ကမ္ဘာကြီး၏အတွင်းပိုင်း ပိုမိုပူနွေးလာမှုကြောင့် မီးတောင်များပေါက်ကွဲမှု စိပ်လာသည်။ ငလျင်လှုပ်မှုများ စိပ်လာသည်။ ကမ္ဘာကြီး ပူနွေးလာမှုဒဏ်ကို ကမ္ဘာ့ပြည်သူများ ခါးစည်းခံလာကြရသည်။ ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာစေသည့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်တိုက်ဖျက်ရန်ပင် လူသားတို့ အမျိုးမျိုး စဉ်းစားလာကြသည်။



အပူလှိုင်းကျရောက်မှုကြောင့် ကမ္ဘာ့မြေဆီလွှာများ ခန်းခြောက်ကာ သစ်တောသစ်ပင်များ ဤသို့ သေဆုံးခဲ့ကြရသည်။

ကမ္ဘာကြီး ဤမျှမြန်မြန်ဆန်ဆန် ပူနွေးလာရခြင်းကို ဆန်းစစ်သောအခါ လူ့ပယောဂက အဓိကဖြစ်နေသည်။ သို့ကြောင့်ပင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး ကြွေးကြော်သံကို ယခုအခါ ကျယ်ကျယ်လောင်လောင် မြှင့်တင်နေခြင်းလည်းဖြစ်ပါ၏။ ရာသီဥတုပြောင်းလဲမှုကို အချိန်မီမကိုင်တွယ်၊ မဖြေရှင်း၊ မတိုက်ဖျက်လျှင် လူသားအပါအဝင် သက်ရှိသတ္တဝါအားလုံးနှင့် အပင်အားလုံး နောက်ဆုံးတစ်နေ့ ပျက်သုဉ်းသွားနိုင်သည်မဟုတ်ပါလား။

ရာသီဥတုပြောင်းလဲမှု၌ ပူအိုက်သောရာသီတွင် အချိန်ရှည်ကြာစွာ အပူဒဏ်ခံရခြင်းမှာ ဆိုးရွားလှသည်။ ယင်းကို အပူလှိုင်းကျသည်၊ အပူလှိုင်းဖြစ်သည်ဟု ယေဘုယျပြောဆိုသုံးနှုန်းသည်။ ကမ္ဘာက သတ်မှတ်ထားသည့် အပူလှိုင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကား မရှိပါပေ။ အပူလှိုင်းဆိုသည်မှာ မိုးလေဝသဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်သည်။

လျှပ်စစ်မီးများပြတ်တောက်

မည်သို့ပင်ဖြစ်စေ ဆိုးဆိုးရွားရွား အပူလှိုင်းကျရောက်သည့် နေရာတွင် သစ်ပင်သီးနှံများ ပျက်စီးကုန်ခြင်း၊ အပူလွန်ကဲမှုကြောင့် လူတွေ ထောင်ချီသေဆုံးကြရခြင်းများ ကြုံရသည်။ ထို့အပြင် တတ်နိုင်သည့်နိုင်ငံများ၌ လေအေးစက်များ စက်ကုန်ဖွင့်ကြသဖြင့် လျှပ်စစ်မီးများ ပြတ်တောက်ကုန်ရသည်။

ကွဲပြားခြားနား

အပူလှိုင်းဆိုသည်မှာ အပူချိန်မည်မျှဖြင့် ဘယ်နှရက်ဆက်တိုက်ရှိနေမည်ဟူသည့် သတ်မှတ်ချက်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြချေ။ အမေရိကန်တစ်နိုင်ငံတည်းမှာပင် ဒေသအလိုက် ကွဲပြားခြားနားသည်။

အပူလှိုင်းများကို နွေရာသီတွင် မကြာခဏကြုံရသည်။ နွေအခါတွင် မမျှော်လင့်ဘဲ တိမ်တိုက်များဖြစ်ထွန်းတတ်သည်။ အပူလွန်ကဲရာမှ ချက်ချင်းမိုးအုံ့လာပြီး မိုးသည်းထန်စွာရွာသွန်းတတ်သည်။ ဇရာမသဲကန္တာရဇုန်များနှင့် ခြောက်သွေ့ဇုန်များမှာ လွန်ကဲသည့် အပူရှိန်ပိုမိုဖြစ်ပေါ်တတ်သည်။ အပူလှိုင်းများကြောင့် ဝင်ရိုးစွန်းများမှ ရေခဲများ ပျော်ဆင်းရသည်။

အပူလှိုင်းများနှင့်ကြုံတွေ့ရသောအခါတွင် ဒေသခံပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်သည်။ ခြုံပြောရလျှင် အပူလှိုင်းများ ကျရောက်သည့် အချိန်သည် လူအသေအပျောက်အများဆုံး အချိန်ပင်ဖြစ်သည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၁ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ရေလွှမ်းမှုကြောင့် လူ ၈၈၀ သေဆုံးပြီး ဟာရီကိန်းမုန်တိုင်းများကြောင့် လူ ၁၅၀ သေဆုံးသော်လည်း အပူလှိုင်းများကြောင့် သေဆုံးသူဦးရေမှာ ၂၁၉၀ဦးဖြစ်သည်ကို တွေ့နိုင်သည်။ အမေရိကန်နိုင်ငံ၌ အပူရှိန်လွန်ကဲမှုနှင့် တိုက်ရိုက်ပတ်သက်၍ နှစ်စဉ်ပျမ်းမျှ သေဆုံးသူဦးရေမှာ ၄၀၀ ခန့်ရှိသည်။ အပူလှိုင်းများဒဏ်ခံစားရသောသူများမှာ စိတ်ဖိစီးမှုကြောင့် ရာဇဝတ်မှုများလည်း အလွယ်တကူကျူးလွန်တတ်သည်။

ပေါက်ကွဲမီးလောင်

အပူလှိုင်းများသည် လူသားတို့အပေါ် ထိုမျှဖိစီးနှိပ်စက်သကဲ့သို့ မိုးခေါင်ရေရှားဒေသတွင် သီးနှံများကိုလည်း ပျက်စီးစေသည့်အပြင် တောမီးများကို လောင်ကျွမ်းစေသည်။ သာဓကအားဖြင့် ၂၀၀၃ခုနှစ် ဥရောပအပူလှိုင်းများကြောင့် ပေါ်တူဂီတောမီးလောင်ခဲ့စဉ် သစ်တောဧက ၇၄၀၀၀၀ ကျော်နှင့် စိုက်ပျိုးဧက ၁၁၀၀၀၀ ကျော် ပျက်စီးခဲ့သည်။ အဝေးပြေးလမ်းမကြီးများ ကောက်ကွေ့တွန့်လိမ်ကုန်သည်။ လျှပ်စစ်ဓာတ်အား ထရန်စဖော်မာများ ပေါက်ကွဲမီးလောင်ကုန်သည်။

လက်ခံထား

အပူလှိုင်းများသမိုင်းတွင် ကမ္ဘာပေါ်၌ အချိန်အကြာဆုံးအပူလှိုင်းမှာ ဩစတြေးလျနိုင်ငံ မာဘယ်ဘား၌ ၁၉၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ၁၉၂၄ ခုနှစ် ဧပြီ ၇ ရက်အထိ ရက်ပေါင်း ၁၆၀ ကြာသည့် အပူလှိုင်းဖြစ်ကြောင်း ယေဘုယျ လက်ခံထားသည်။

ကမ္ဘာ့အဆိုးဆုံး အပူလှိုင်းမှာ ၂၀၀၃ ခုနှစ်က ဥရောပ၌ကြုံတွေ့ရသည့် အပူလှိုင်းဖြစ်သည်။ ထိုအပူလှိုင်းကြောင့် လူပေါင်း ၃၅၀၀၀ သေဆုံးခဲ့သည်။ အဓိကအားဖြင့် ပြင်သစ်နိုင်ငံက ဒဏ်အခံရဆုံးဖြစ်သည့်အားလျော်စွာ သေဆုံးသူ ၁၅၀၀၀ ခန့်ရှိခဲ့သည်။ ပေါ်တူဂီနိုင်ငံတောင်ပိုင်းတွင် ထိုအချိန်က အပူချိန် ၁၁၈ ဒီဂရီဖာရင်ဟိုက်အထိ စံချိန်တင်မြင့်မားခဲ့ကြောင်း တွေ့ရသည်။

ကြုံတွေ့

အပူလှိုင်းများသမိုင်းတွင် ၂၀ ရာစုနှစ်အတွင်း အမြင့်ဆုံးအပူချိန် ၁၁၇ ဒီဂရီဖာရင်ဟိုက်ဖြင့် ၁၉၇၂ ခုနှစ် ဇွန် ၂၈ ရက်က အမေရိကန်နိုင်ငံ တက္ကဆက်၌ကြုံရသည်။ သို့သော် ၂၁ ရာစုနှစ် ယခုအထိတွင် ၂၀၀၃ ခုနှစ် ပေါ်တူဂီအပူလှိုင်းက ၁၁၈ ဒီဂရီဖာရင်ဟိုက်၊ ၂၀၀၉ ခုနှစ် ဩစတြေးလျ အပူလှိုင်းက ၁၁၅ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်၊ ၂၀၀၆ ခုနှစ် မြောက်အမေရိက အပူလှိုင်းက ၁၁၅ ဒီဂရီဖာရင်ဟိုက်အပြင် ၁၀၀ ဒီဂရီဖာရင်ဟိုက်ကျော် အပူလှိုင်းများ အနှံ့ကြုံတွေ့ရသည်ကို တွေ့ရသည်။

၄င်းအပူလှိုင်းများ၏ ပြင်းထန်မှုကြောင့် ရေခဲတောင်များ ပြိုကျသည်။ အရည်ပျော်ကျသည်။ မြစ်ရေများကြီးရသည်။ ၄င်း၏ဒဏ်ကို နွေရာသီနှောင်းပိုင်းနှင့် မိုးလယ်များတွင် ကမ္ဘာ့ပြည်သူများ အများဆုံး ခံစားရသည်။

နွေခေါင်ခေါင် မြစ်ရေကြီးခြင်းမှာလည်း အပူရှိန်မြင့်တက်မှု၊ အပူလှိုင်းများကြောင့် ဖြစ်သည်။ မိုးရာသီတွင် မိုးကြီးခြင်း၊ မြစ်ရေကြီးခြင်း၊ မုန်တိုင်းဖြစ်ခြင်းမှာလည်း အပူရှိန်မြင့်တက်မှု၊ အပူလှိုင်းများကြောင့်ဖြစ်သည်။ အလားတူ ဆောင်းကာလတွင် သာမန်ထက် အအေးပိုကဲ၊ ရေခဲရပြီး ကမ္ဘာ့ပြည်သူများ သွားရေး၊ လာရေး၊ စားရေး၊ သောက်ရေး ခက်ခဲခြင်းမှာလည်း အပူလှိုင်းများသည် အဓိက တရားခံဟု ဆိုချင်သည်။

၄င်းထက် အဓိကကျသော ကနဦးတရားခံသည်ကား လူသားတို့ပင် ဖြစ်သည်။ အချို့တိုင်းပြည်များတွင် ဖန်လုံအာနိသင်ကို သတိမထား၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို မထိန်းချုပ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ ယခုအခါ ရာသီဥတုဖောက်ပြန်မှုမှ ပေါက်ဖွားလာသော အပူလှိုင်းသည်ကား သဘာဝဘေးဆိုးတစ်ခုအဖြစ် လူသားတို့၏ အိမ်တံခါးပေါက်ကို လာခေါက်သလို ဖြစ်နေခဲ့ပြီဖြစ်ပါကြောင်း။ ။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများအား ရေပေးဝေမှုကို ဧပြီ ၂၉ ရက်က မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် အမှတ် (၁)ရပ်ကွက် ရေစက်လေးဝန်းရှိ မြောင်းကူးတံတား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ဧပြီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ ကမ်းနားလမ်း သာယာလှပရေးအတွက် ပလက်ဖောင်းပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်ကိုကိုတို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၀၇)

ဧပြီ ၁၀ ရက်က ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းအား ရေမီတာများတပ်ဆင်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့ မြို့ရေပေးရေးအတွက် သုခိတာရေလှောင်ကန်မှ ရေပေးဝေမှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေတို့ကို ဧပြီ ၁၀ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆန်စပါးအသင်း (ဝေါမြို့နယ်)နှင့် အကျိုးဆောင်တောင်သူများ စီစဉ်ဆောင်ရွက်သည့် မိုးလေဝသ အခြေအနေများနှင့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ခန်းမဆောင်၌ မတ် ၂၇ ရက်ကကျင်းပရာ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာထွန်းလွင်က ပြောင်းလဲဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေနှင့် ၂၀၁၁ ခုနှစ် ရာသီဥတုအလားအလာများနှင့် ပတ်သက်သည့် အခြေခံအကြောင်းအရာများကို ဆွေးနွေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ASEAN Chess စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပမည့် အာဆီယံစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲကို ၂၀၁၁ ခုနှစ် မေ ၂၅ရက်မှ ဇွန် ၂ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ၂၀၁၁ခုနှစ် မေ ၂၃ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အာဆီယံစစ်တုရင်ကစားနည်း

အာဆီယံစစ်တုရင်ကစားနည်းမှာ မြန်မာ့ရိုးရာစစ်တုရင်ကို အသွင်ပြောင်းထားသော အပြည်ပြည်ဆိုင်ရာ ကစားခုံနှင့် အရုပ်များကို အသုံးပြုပြီး မူလပွဲစအနေအထားကို ပုံသေသတ်မှတ်ထားသည့် ကစားနည်းဖြစ်သည်။ အာဆီယံစစ်တုရင်ကစားနည်းတွင်ပါဝင်သော ကစားကောင်များမှာ မြန်မာ့ရိုးရာစစ်တုရင်အတိုင်း ဆင်၊ မြင်း၊ ရထား၊ နယ်၊ မင်းကြီး၊ စစ်ကဲပါဝင်ပြီး ရွှေ့ကွက်များမှာလည်း မြန်မာ့ရိုးရာစစ်တုရင်အတိုင်း ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင်ပါဝင်မည်

အာဆီယံစစ်တုရင်ကစားနည်းကို ၂၀၁၁ခုနှစ် အင်ဒိုနီးရှားနိုင်ငံ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ပါဝင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့ မြဝတီရပ်ကွက်နေ ဦးကျင်သန်းအား ရည်စူး၍ ဒေါ်ကျင်မြ မိသားစု၏ တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ပေးအပ်လှူဒါန်းစဉ်။ (ဝ၂၁)

၂၀၁၁ ခုနှစ် ကမ္ဘာ့တီရှနာ်ဆေးကုနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

မန္တလေး မေ ၃

၂၀၁၁ ခုနှစ် ဧပြီ ၃၀ ရက်က ကျရောက်သည့် ကမ္ဘာ့တီရှနာ် ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၂၈ ရက် နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းက ဦးဆောင်၍ ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းနှင့် ခွေးရူးရောဂါ ကာကွယ် တိုက်ဖျက်ရေး ပညာပေးဟောပြောပွဲများ ကျင်းပသည်။

ဆွေးနွေး

အဆိုပါအခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသောင်းထိုက်က အမှာစကားပြောကြားပြီး ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသုတေသနအရာရှိ ဒေါက်တာဝင်းမြင့်က ခွေးရူးရောဂါအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ခွေးကောင်ရေ ၁၀၀ ခန့်အား နံနက် ၉ နာရီမှစ၍ ခွေးရူးရောဂါကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်းကဦးစီး၍ ကရဏာရှင်သုံးဘီးယာဥ်ငယ်လိုင်းသစ်ကို ဆီဆိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ အထကကျောင်းအုပ်ဆရာကြီး ဦးတိုးအောင်နှင့်မြို့နယ်ကြက်ခြေနီအသင်း ဒုတိယတပ်ရင်းမှူး ဦးမျိုးမင်းဆွေတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(ဝ၅၅)

တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုး

မိတ္ထီလာ မေ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမြတ်စံ၊ သာစည်မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ဒုတိယဦးစီးမှူး ဒေါက်တာအောင်ညီညီတို့ ပါဝင်သောအဖွဲ့သည် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသောင်း၊ ကျောက်အိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှငြိမ်းတို့၏ ပူးပေါင်းကူညီမှုဖြင့် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု ကျောက်အိုးရွာတွင် နွား ၇၃ ကောင်နှင့် စိုက်ပျိုးရေးခြံကျေးရွာတွင် နွား ၃၀၃ ကောင်တို့အား ဧပြီ ၂၈ရက်နှင့် ၂၉ရက်တွင် ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

မြို့နယ်သတင်း ထွေတလာ

ငါ့သရောက်၌ ရွှေရင်းတံတားသစ်ဖွင့်

ညောင်ဦး မေ ၃

ညောင်ဦးခရိုင် ညောင်ဦးမြို့ ငါ့သရောက်မြို့နယ် တောပြားကျေးရွာအုပ်စု အိုရင်းကျေးရွာတွင် ကန်မကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေအရင်းအမြစ် ပိုမိုရရှိစေရန်အတွက် အလှူရှင်များစုပေါင်းလှူဒါန်းငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားဖြင့် ငါ့သရောက်-စိတ္တိန်း(ပုဂံဗိုလ်ချို) လမ်းပေါ်ရှိ ရွှေရင်းတံတားကို တည်ဆောက်ခဲ့သည်။

ဖွင့်လှစ်ပေး

အဆိုပါတံတားဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက်က ကျင်းပရာ ငါ့သရောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ယင်းတံတားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၂၀၊ အကျယ် ၁၃ပေရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြက်၊ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး သီပေါ၌ ပညာပေးဆွေးနွေး

သီပေါ မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်လူမှုဖွံ့ဖြိုးရေးစီမံကိန်းဌာနမှ ကြီးမှူးကျင်းပသော ကြက်၊ ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဧပြီ ၆ရက် နံနက် ၉နာရီက အဆိုပါ စီမံကိန်း မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူးဒေါ်သီသီသိန်းက အမှာစကားပြောကြားပြီး ကျေးလက် လူမှုဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ် စီမံကိန်းမန်နေဂျာ ဒေါ်နီနီလွင်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်မှန်းချက်များနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်း စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်ထွေးနှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာညီညီလွင်တို့က ကြက်၊ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်အလက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (ဝ၇၂)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

[illegible]

[illegible]

ကျွန်ုပ်တို့နှင့်ဆက်သွယ်ရန် [illegible]

[illegible] Prof. Dr. Mya Aung, Dr. Hla Mg Din, Dr. Sa J Lwin, Dr. Than Tun Aung, Dr. Thein Than Htike, Dr. Tin Zaw Oo, Dr. Yi Yi Aung, Dr. Rupar Aung, Dr. Wai Nwe Win, Dr. Ohn Mar Zin, Dr. Khin Ohmar Khine, Dr. Zin Mar Myint [illegible]

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဇွန်းမော်မြို့၌ ဟောပြော

ဇွန်းမော် မေ ၂

ဇွန်းမော်မြို့ နည်းပညာ တက္ကသိုလ်၌ မတ် ၃ ရက် နံနက် ၁၀ နာရီက ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးမြင့်အောင်က ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုသူများ လိုက်နာ ရမည့် စည်းကမ်းများအား ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ၁၅ ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူအားထုတ်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမှတ်	အမျိုးအမည်	အမျိုးအစား	ယာဉ်လက်ဝယ်ရှိသူအမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	မှတ်ပုံတင်ရုံး
၁	၁ခ/၉၂၉၄	တိုယိုတာမတ်တူး	စတေရှင်ဝက်ဂွန်	ဦးဝင်းစိုး	၁၀/မလမ(နိုင်)၁၈၄၇၀၇	၅(ခ)အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊တာမွေမြို့နယ်။	ခရိုင်ရုံး၊(ရန်ကုန်အရှေ့ပိုင်း)
၂	၅က/၁၈၁၆	တိုယိုတာကိုရိုလာ	စတေရှင်ဝက်ဂွန်	ဦးကျော်ကျော်နိုင်	၁၂/အစန(နိုင်)၁၀၄၈၂၅	၃၅/၃၁၂၊ နတ်သျှင်နောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊	ခရိုင်ရုံး၊(ရန်ကုန်အရှေ့ပိုင်း)
၃	မတလ/၃၆၇၂၁၂	ဟန်ဇင်း ၁၁၀	ဆိုင်ကယ်	ဒေါ်လွင်လွင်ကြူ	၁၃/ကလန(နိုင်)၀၁၅၀၂၁	ရ.က.က(၇)၊ ပြင်ဦးလွင်မြို့။	ခရိုင်ရုံး (ပြင်ဦးလွင်)
၄	မတလ/၂၀၆၈၀၂	ဂျာလင်း ၉၀	ဆိုင်ကယ်	ဒေါ်ဝတီသာရွယ်နူး	၁/မကန(နိုင်)၀၈၀၄၄၂	ရ.က.က(၈)၊ ပြင်ဦးလွင်မြို့။	ခရိုင်ရုံး (ပြင်ဦးလွင်)
၅	၅က/၄၈၇၄	တိုယိုတာဟိုင်းလပ်	ပစ်ကပ်	ဦးထွန်းဦး	၉/မမန(နိုင်)၀၂၅၉၅၀	ရ.က.က(၆)၊ ပြင်ဦးလွင်မြို့။	ခရိုင်ရုံး (ပြင်ဦးလွင်)
၆	၆ယ/၉၈၅၁၈	ကင်ဘို ၁၁၀	ဆိုင်ကယ်	ဦးဇေယျ	၁၄/ပသန(နိုင်)၀၇၂၄၂	ရွှေနှင်းဆီလမ်း၊(၉)ရပ်ကွက်၊ပုသိမ်မြို့။	တိုင်းဒေသကြီးရုံး(ပုသိမ်)
၇	ပသ/၃၆၄၅၈	ကင်ဘို ၁၁၀	ဆိုင်ကယ်	ဦးသန်းနိုင်	၁၄/ပသန(နိုင်)၀၂၂၆၈၅	၁၁၊ မြိုင်ဟေမာလမ်း၊(၃)ရပ်ကွက်၊ပုသိမ်မြို့။	တိုင်းဒေသကြီးရုံး(ပုသိမ်)
၈	၁၇ယ/၂၄၂၈	ကျော်ဂျီရိုဟွန် ၁၂၅	ဆိုင်ကယ်	ဦးတင့်လွင်	၉/အမရ(နိုင်)၀၀၁၀၉၉	ဖောင်တော်ရပ်၊အမရပူရမြို့နယ်၊မန္တလေးမြို့။	ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
၉	၁ယ/၃၄၆၇၀	ဟွန်ဒါစီ ၉၀	ဆိုင်ကယ်	ဦးကိုကိုနိုင်	၉/အမရ(နိုင်)၀၀၄၃၇၉	အမှတ်ခ/၁၀၀၊မေဇင်သိန်းလမ်း၊ပြည်ကြီးတံခွန်မြို့နယ်။	ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
၁၀	၁၃ယ/၃၆၉၇၉	ဟွန်ဒါဒရင်း ၁၂၅	ဆိုင်ကယ်	ဦးပရဲ	၃/ဘအန(နိုင်)၀၉၁၀၃၆	မ-၅၀၊ ဝတ်ကြီးလမ်း၊ကျိုင်ဖန်ရပ်၊မော်လမြိုင်မြို့။	ပြည်နယ်ရုံး (မော်လမြိုင်)
၁၁	၁၃ယ/၄၀၄၂၅	ဟွန်ဒါဝေဗ့် ၁၂၅	ဆိုင်ကယ်	ဒေါ်ညိုဝါ	၁၀/ရမန(နိုင်)၁၃၅၆၂၉	နှစ်ကရင်ကျေးရွာ၊ ရေးမြို့။	ပြည်နယ်ရုံး (မော်လမြိုင်)
၁၂	၉က/၅၅၅	ဟီးနိုးတီအီး ၁၁	ထရပ်	ဦးကျော်စိုး	၁၂/သလန(နိုင်)၀၆၉၆၉၇	သမာဓိလမ်း၊ တောင်ဝိုင်းရပ်၊မော်လမြိုင်မြို့။	ပြည်နယ်ရုံး (မော်လမြိုင်)
၁၃	မတလ/၁၇၄၁၅	လင်းတမ်	ဆိုင်ကယ်	ဦးကျော်စိုးမင်း	၉/မနတ(နိုင်)၀၀၈၂၃၅	အမှတ် ၁၉၈၊ ၂၆×၂၅၊ ၈၉လမ်း၊အောင်မြေသာစံမြို့နယ်။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၁၄	၂ယ/၇၈၉၁၁	ဟိုင်းဘတ်	ဆိုင်ကယ်	ဦးစိုးလွင်	၅/ရဘန(နိုင်)၀၆၉၂၇၇	ရွာမိသ်သာရွာ၊ ရွှေဘိုမြို့။	ခရိုင်ရုံး (ရွှေဘို)
၁၅	ပမ/၁၆၃၉၃	ကင်ဘို ၁၁၀	ဆိုင်ကယ်	ဦးသန်းဝင်း	၇/မလန(နိုင်)၀၀၄၄၄၈	ညောင်သုံးပင်ရွာ၊ မင်းလှမြို့။	ခရိုင်ရုံး (သာယာဝတီ)
၁၆	မက/၂၇၁၆၂	ကင်ဘို ၁၁၀	ဆိုင်ကယ်	ဦးမြင့်လွင်	၈/အလန(နိုင်)၀၁၁၇၁၃	ရွာထောင်ရပ်၊ အောင်လံမြို့။	ခရိုင်ရုံး (သရက်)
၁၇	ဆ/၉၀၂၈	ဟီးနိုး	ထရပ်	ဦးမျိုးစစ်လွင်	၈/အလန(နိုင်)၁၂၁၄၅၀	ရွာထောင်ရပ်၊ အောင်လံမြို့။	ခရိုင်ရုံး (သရက်)
၁၈	မတလ/၅၈၀၂၂	ဂျာလင်း ၉၀	ဆိုင်ကယ်	ဦးကျော်စွာဝင်း	၉/မမန(နိုင်)၀၈၀၀၂၄	၄၅၊ မြမာလာ၊ ပြင်ဦးလွင်မြို့။	ခရိုင်ရုံး (ပြင်ဦးလွင်)
၁၉	၅ယ/၁၀၉၆၁	ကင်ဘိုဒရင်း ၁၁၀	ဆိုင်ကယ်	ဦးကံညွန့်	၉/မမန(နိုင်)၀၆၉၃၃၁	(၁၆) ရပ်ကွက်၊ မြင်းခြံမြို့။	ခရိုင်ရုံး (မြင်းခြံ)
၂၀	၁၂ယ/၄၀၈၇၃	တိုယိုဘို ၁၁၀	ဆိုင်ကယ်	ဦးသောင်းစိန်	၉/ညဥန(နိုင်)၀၉၃၆၃၄	အောက်ညဥ့်ရွာ၊ ညောင်ဦးမြို့။	ခရိုင်ရုံး (မြင်းခြံ)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

ဒေသအနှံ့ခြေတုရရှိရေး အစီအစဉ်သင်တန်းဖွင့်

တောင်ငူ မေ ၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် ဒေသအနှံ့ ခြေတုရရှိရေး အစီအစဉ်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက်၉ နာရီက တောင်ငူမြို့ မြန်မာသီရိဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းချုပ်မှ အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး(ခရိုင်သူနာပြုတပ်ဖွဲ့မှူး) ဒုတိယရဲမှူးကြီး ဥဏ်ဇော်က သင်တန်းသားကိစ္စများကို လည်းကောင်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ထို့နောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ဆက်ဆံရေး အရာရှိ ဒေါက်တာ ဇော်ဝင်းက အင်္ဂါချို့ယွင်းနေသူများအား အခမဲ့ခြေတု တပ်ဆင်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်နှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား ၃၂ဦးတို့ တက်ရောက်ကြသည်။ ဒေသအနှံ့ ခြေတုရရှိရေးအစီအစဉ်အရ ခြေတုတပ်ဆင်လိုသည့် လူပုဂ္ဂိုလ်များအနေဖြင့် ခြေတု၊ လက်တုဆိုင်ရာ ပြန်လည်သန်စွမ်းဌာန ဘားအံမြို့ (တောင်ကလေး) ကရင်ပြည်နယ် ဖုန်း-၀၅၈-၂၂၂၅၉၊ ၀၉- ၄၉၂၆၅၉၂၉၊ ၀၉-၄၉၃၁၃၉၁၈ တို့ထံသို့ ကြိုတင်ဆက်သွယ်၍ အခမဲ့ သွားရောက်တပ်ဆင်နိုင်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ခုဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် မော်လမြိုင်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းကို အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်မည့်လမ်းအပိုင်း၊ နေရာနှင့် အတိုင်းအတာများ၊ လုပ်ငန်းဆောင်ရွက်ရမည့် အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လမ်းအပိုင်း(၁) တည်နေရာ — **အတိုင်းအတာ**

(က) အတ္တရံကွေ့မှ ဖက်တန်းလမ်းအထိ — အရှည်-ပေ၂၆၁၀ အကျယ်-၅ပေ၆လက်မ

(ခ) ဖက်တန်းလမ်းမှ အမှတ်(၄)တံတားအထိ — အရှည်-ပေ၉၀၀ အကျယ်-၇ပေ၆လက်မ

လမ်းအပိုင်း(၂) တည်နေရာ — **အတိုင်းအတာ**

အမှတ်(၄)တံတားမှ ဆိပ်ကမ်းသာတံတားအထိ — အရှည်-ပေ၁၆၈၀ အကျယ်-၁၉ပေ

လမ်းအပိုင်း(၃) တည်နေရာ — **အတိုင်းအတာ**

ဆိပ်ကမ်းသာတံတားမှ ထားဝယ်တံတားအထိ — အရှည်-၁၀၀၅ပေ အကျယ်-၁၃ပေ

လမ်းအပိုင်း(၄) တည်နေရာ — **အတိုင်းအတာ**

ထားဝယ်တံတားမှ ရာမညတံတားအထိ — အရှည်-ပေ၃၁၀၀ အကျယ်-၉ပေ၆လက်မ

ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

မော်လမြိုင်မြို့၊ ကမ်းနားလမ်းတစ်လျှောက် လမ်းအောက်ခံအမာခံကောင်းအောင် ပြုပြင်ပြီးမှ အပေါ်တွင် ရောင်စုံဘလောက်အုတ်ဖြင့် ခင်းရန်ဖြစ်ပါသည်။ ရောင်စုံဘလောက်အုတ်ဝယ်ယူရရှိရေးအတွက် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကူညီစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ အထက်အပိုဒ်(၁)တွင် ဖော်ပြပါရှိသည့် မော်လမြိုင်မြို့၊ ကမ်းနားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းအား လမ်းအပိုင်းလိုက်ကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ရာ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းလျှောက်ထားနိုင်ကြောင်းနှင့် လုပ်ငန်းလုပ်ကိုင်ရန်အတွက် စည်းကမ်းသတ်မှတ်ချက်များ၊ အသေးစိတ်အချက် အလက်များသိရှိလိုပါက တင်ဒါတင်သွင်းလိုသူကိုယ်တိုင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက် အချိန်** - ၆-၅-၂၀၁၁ရက်(သောကြာနေ့) နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီအထိ

နေရာ - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၀-၅-၂၀၁၁ရက် (အင်္ဂါနေ့)

အချိန် - နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီအထိ

နေရာ - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး။

တင်ဒါစိစစ်ရေးအဖွဲ့၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ (၆၇) ကြိမ်မြောက် လစဉ်ပုံမှန် ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယကိုခံယူလျက် ဆရာတော်အရှင်ပုညာနန္ဒ၏တရားစဉ်နှင့် လုပ်ငန်းစဉ်အတိုင်း ဆရာတော်၏ခန္ဓာဉာဏ်ရောက်သစ္စာဆိုက် တရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိကများ၏ သစ္စာတရားတော်များ နာယူကျင့်ကြံအားထုတ်နိုင်ရန် ၁၃-၅-၂၀၁၁ ရက်မှ ၂၃-၅-၂၀၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယောဂီ ၂၅၀သာ သတ်မှတ်ထားပါသဖြင့် တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ဖုန်း-၀၁-၅၅၃၃၃၀ နှင့် ၀၉-၅၀၁၃၂၉၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

San Shan Education Center

တရုတ်ဘာသာစကားကို အထိရောက်ဆုံးနှင့် အတတ်မြောက်ဆုံးသင်ကြားပေးမည်။

၁။ နေ့စဉ်သုံး တရုတ်စကားပြော (တနင်္လာ၊ ဗုဒ္ဓဟူး)
6:30 to 8:00PM

၂။ အခြေခံစီးပွားရေးစကားပြော (အင်္ဂါ၊ ကြာသပတေး)
6:00 to 7:30PM

၃။ အခြေခံတရုတ်စာ ရေး၊ ဖတ်၊ ပြော
6:00 to 7:30PM (တနင်္လာ၊ ဗုဒ္ဓဟူး)(ပုံမှန်သင်တန်း)
6:30 to 8:00PM (အင်္ဂါ၊ ကြာသပတေး)(လပြတ်သင်တန်း)

၄။ လုပ်ငန်းသုံး၊ ရုံးသုံးပုံစံဝင် တရုတ်စာ ရေး၊ ဖတ်၊ ပြော (အခြေခံရှိပြီးသူများ)
6:00 to 7:30PM (တနင်္လာ၊ ဗုဒ္ဓဟူး)

N0.137, 21 Street, Upper Block, Latha, Yangon.
Ph: 09-73052109 (10:00 AM to 4:00 PM)
01-395866 (4:00 PM to 6:00 PM)

ကျောင်းအပ်လက်ခံနေပါပြီ။

*** ကျောင်းအပ်လက်ခံချိန် (4:00 PM to 6:00 PM) Mon to Fri ***

အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(၁၆/၂)ရပ်ကွက်၊တိုက်အမှတ် ၂၀၆(A-၃)၊ တတိယထပ်အား ကျွန်ုပ်အမှုသည် ဒေါ်အေးမြင့် ၁၃/လရန(နိုင်)၁၀၂၃၁၅သည် ၂၄-၁၂-၂၀၀၆ရက်က ဦးမောင်မောင်ဖြိုး ၁၂/ဒဂန(နိုင်)၀၀၂၇၁၂ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ ဒေါ်အေးမြင့်၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှလွှဲပြောင်းရောင်းချခြင်း၊ ဝယ်ယူပိုင်ဆိုင်ခွင့်မရှိပါ။ သို့ဖြစ်ပါ၍ မည်သူမဆို ဒေါ်အေးမြင့် သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း ပြုလုပ်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ **ညွှန်ကြားချက်အရ-**

ဦးသိန်းရွှေ B.A,H.G.P, R.L **တရားရုံးချုပ်ရှေ့နေ (၅၂၆၈)**

အမှတ် ၅၀၈၊ဝေဇယန္တာလမ်း၊(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၁-၅၇၀၀၆၇၊ ၀၉-၅၁၈၄၈၉၃။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အာကာသတက္ကစီ ဒီဇိုင်းပုံစံ တစ်ခုကို ဤသို့ တွေ့ရသည်။

အာကာသတက္ကစီဖြင့် ခရီးသွားနိုင်တော့မည်

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

အာကာသခရီးစဉ်များ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အာကာသရေးရာကုမ္ပဏီ လေးခုတို့က ပူးပေါင်းပြီး မကြာမီကာလ၌ အာကာသတက္ကစီကို ထုတ်လုပ်တော့မည် ဖြစ်သည်။

ပြောကြား

အာကာသရေးရာ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအပေါ် ဆွဲဆောင်မှုဖြစ်စေမည့် ဈေးကွက်သစ်တစ်ခုကို ဖန်တီးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောကြားသည်။

ထုတ်လုပ်

အာကာသတက္ကစီကို စပေ့အိတ်စ်၊ ဘလူးအော်ရီဂျင်၊ ဘိုးရင်းနှင့် ဆီရာနာနေဗာဒါ ကုမ္ပဏီလေးခုတို့ စုပေါင်း၍ ထုတ်လုပ်ကြမည် ဖြစ်သည်။ ထိုသို့ထုတ်လုပ်ရာတွင် အမေရိကန်ဒေါ်လာ သန်း ၂၇၀ စုပေါင်းရင်းနှီးမြှုပ်နှံကြပြီး ယခုနှစ်ကုန်မှ စတင်ကာ အာကာသတက္ကစီထုတ်လုပ်ရေးလုပ်ငန်းကို စတင်ကြမည် ဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❍

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပညာဒါနစာကြည့်တိုက် ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာ၌ဖွင့်။ (စာ - ၁၂)

မန်ယူတို့ အိမ်ကွင်း၌ ရှုံးပွဲထပ်ကြုံလျှင် ချယ်လ်ဆီးတို့ ဖလားရနိုင်ဟု ဖာဂူဆန်ပြောကြား။ (စာ - ၁၁)

နီပေါနိုင်ငံအတွင်း ဦးချိုတစ်ချောင်းရှိ ကြံ့ကောင်ရေများ တိုးပွားလာ။ (စာ - ၄)



4-5 (20).pmd 1 5/4/2011, 1:31 AM